မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၄၄)

ပုဇ္ဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ

ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

(၆၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ရန်ကုန်မြို့ရှိစေတီတော်များ၌ မြန်မာ့ရိုးရာထမနဲ့ထိုးပြိုင်ပွဲများကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း တက်ရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၁၃၆၉ ခုနှစ် မြန်မာ့ရိုးရာ ထမနဲပွဲတော် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အောက်ပစ္စယာရှိ အရှေ့ဘက် ထန်းပင်ကုန်းကွင်း မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ရွှေတိဂုံစေတီတော် ၁၃၆၉ ခုနှစ် မြန်မာ့ရိုးရာထမနဲပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအောင်က မြန်မာ့ရိုးရာ ထမနဲပွဲတော်ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိဂေါပကအဖွဲ့ဝင် ဦးစိန်ဝင်းအောင်တို့က ရွှေတိဂုံစေတီတော် ၁၃၆၉ ခုနှစ် မြန်မာ့ရိုးရာထမနဲပွဲတော် ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ထမနဲထိုးယှဉ်ပြိုင်မှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✡

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏ သတ္တမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၏ နှမ်းမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မိုးလေဝသအခြေအနေ ၂၁–၂–၂၀၀၈

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်)

ပညာရေးအခွင့်အလမ်းကောင်းများ ထိရောက်စွာအသုံးချ အသိအမြင်ကြွယ်ဝပြီး အရည်အသွေးမြင့်မားစေရေး ကြိုးပမ်း

နိုင်ငံတကာ၌ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ အချိန်နှင့်တစ်ပြေးညီ တိုးတက်ပြောင်းလဲလျက်ရှိရာ မြန်မာနိုင်ငံတွင် အိုင်တီနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် လူငယ်လူရွယ်များအတွင်း ဆန်းသစ်သောအိုင်တီနည်းပညာတိုးပွားလာစေရန် ကွန်ပျူတာတက္ကသိုလ်များကို တည်ဆောက်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည်။

လူငယ်လူရွယ်များ အိုင်တီနည်းပညာ ဖွံ့ဖြိုးစေရေးအတွက် ရန်ကုန်မြို့၌ မြန်မာအင်ဖိုတက်နှင့် မန္တလေးမြို့တွင် ရတနာပုံဆိုက်ဘာကော်ပိုရေးရှင်းတို့ကို ဖွင့်လှစ်ပြီး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။ နိုင်ငံတကာအဆင့်မီ အိုင်တီနည်းပညာများ ဖြန့်ဝေပေးမည့် ဗဟိုဌာနတစ်ခုကိုလည်း မန္တလေးတိုင်း ပြင်ဦးလွင်မြို့အနီးရှိ အိုင်တီနည်းပညာ အခြေခံစက်ရုံများကို တည်ဆောက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ လူငယ်လူရွယ်များ အဆင့်မြင့်ခေတ်မီနည်းပညာရပ်များကို သင်ယူနိုင်ရန် ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များကို တည်ဆောက်ဖွင့်လှစ်ပေးထားပြီ ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များ သိပ္ပံနှင့်နည်းပညာတတ်မြောက်ပြီး စွမ်းရည်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးခြင်းသည် အနာဂတ်နိုင်ငံတော် တည်ငြိမ်ခိုင်မာရေးအတွက် အခြေခံအကျဆုံး အမျိုးသားရေးလိုအပ်ချက်ကို ပုံဖော်ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းပင် ဖြစ်သည်။

ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကိုသာမက လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် ကျွမ်းကျင်တတ်မြောက်လာရေး လေ့ကျင့်ပျိုးထောင်ပေးကြရမည် ဖြစ်သည်။

နိုင်ငံတော်က အမျိုးသားပညာရည်မြင့်မားရေးကို ရည်မှန်းချက်ရှိရှိ စီမံဖော်ဆောင်ပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ဖန်တီးပေးထားသည့် ပညာရေးအခွင့်အလမ်းကောင်းများကို ထိရောက်စွာအသုံးချခြင်းဖြင့် အသိအမြင်ကြွယ်ဝပြီး အရည်အသွေးမြင့်မားစေရေး ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန်ငွေလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း ဧယျာမွန်အိမ်ရာ တိုက်နံပါတ်(၁) အခန်းအမှတ် ၃၀၃နေ ဦးတင်လှိုင်-ဒေါ်ခင်ညွှန့်တို့၏ နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာနှစ်ပတ်လည်အဖြစ် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့ လက်ခံယူသည်။ **(အောက်ပုံ)**

အလှူရှင်များ အနေဖြင့် စေတီတော် ဂေါပကရုံး ဖုန်း-၆၆၀၀၀၆သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၁-၂-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄:၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၅:၀၀	၆။	တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြု သင်ခန်းစာပို့ချချက် (ဓာတုဗေဒ)
၅:၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၂၄)
၆:၃၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆:၄၀	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ** (အပိုင်း-၁၉)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စည်းခြားထားသောအချစ်** (အပိုင်း-၈)

သစ်တောရေးရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်အချောထည်စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ၁၈ရက် နံနက်ပိုင်းက လှိုင်မြို့နယ်ရှိ ကမ္ဘောဇသစ်စွာလှိုင် သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်အချောထည် ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ယင်းနောက် ဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ နယူးဘရားသား သစ်ခွဲစက်နှင့် သစ်အချောထည်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

တန့်ကြည့်တောင် ဝိပဿနာ(ရန်ကုန်) ပဉ္စမအကြိမ် ပရိဝါသ်ပိတ်သိမ်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော် ကြီးမှူးကျင်းပသော ပဉ္စမအကြိမ် ပရိဝါသ်ပိတ်သိမ်းပွဲကို မင်္ဂလာဒုံမြို့နယ် တန့်ကြည့်တောင် ဝိပဿနာရိပ်သာ ရေကြာအိုင်သိမ်ကျောင်းတော်ကြီး၌ ဖေဖော်ဝါရီ၂၃ရက် (စနေနေ့) ညနေ၃နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပိတ်သိမ်းပွဲတွင် ဆရာတော်ကြီး အပါအဝင် ကြီးကြပ်ဆရာတော် ငါးပါး၊ ပရိဝါသ် ဆောက်တည်ကြသော ၁၀ ဝါနှင့်အထက် ရဟန်းတော်အပါး ၂၀ စုစုပေါင်း သံဃာတော်အရှင်မြတ်၂၅ပါးတို့အား ကပ္ပိယကာရကအဖွဲ့က ကြီးမှူး၍ လှူဖွယ်ပစ္စည်းနှင့် ခရီးစဉ်စရိတ်စသည့် နဝကမ္မအလှူငွေများ လှူဒါန်းကြမည်ဖြစ်သည်။ လှူဖွယ်ပစ္စည်းများကို သံဃာတော်များအား ပရိဝါသ်သိမ်းပွဲ၌ လှူဒါန်းနိုင်ပြီး နဝကမ္မများကို ကပ္ပိယကာရကအဖွဲ့ရုံး ဖုန်း-၆၃၈၀၈၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဗိသုကာအသင်း စာတမ်းဖတ်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ ဗိသုကာများအသင်းမှ စီစဉ်ကျင်းပသော စာတမ်းဖတ်ပွဲ (CPD Talk 02/08)ကို ဖေဖော်ဝါရီ၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် MES အဆောက်အအုံ (လှိုင်တက္ကသိုလ်ဝင်း) Seminar Room၌ ကျင်းပမည်ဖြစ်သည်။ ပထမပိုင်းတွင် ဗိသုကာဆရာဦးရွှေက My Attempts at Morden ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ပြီး ဆက်လက်၍ ဗိသုကာပညာရပ် လူထုသိစေရန် How To Promote Architecture ခေါင်းစဉ်နှင့် Forum အစီအစဉ်ကို ဆက်လက်ကျင်းပမည်ဖြစ်ရာ စိတ်ဝင်စားသူ ဗိသုကာများ တက်ရောက်ဆွေးနွေးရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း သာကေတမြို့နယ် ဖရပ်ကွက် ဝေဇယန္တာအနောက်၁၃လမ်းနေ ဒေါ်ပန်းငွေက ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖေဖော်ဝါရီ၁၈ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မြောက်ဘက်ရင်ပြင်တော် (သောကြာထောင့်) အာရုံခံတန်ဆောင်း ဆောက်လုပ်ရန် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ဝရဏာလမ်းနေ ဦးကျော်သောင်း၊ ဒေါ်တင်ရွှေ မိသားစုက အလှူငွေကျပ် သုံးသိန်းကို ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပန်းတနော်မြို့ သမိုင်းဝင်ရွှေမြင်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပန်းတနော်မြို့နယ်လုံးဆိုင်ရာ သမိုင်းဝင်ရွှေမြင်တင်စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို ၁၃၆၉ ခုနှစ် တပေါင်းလဆန်း ၉ ရက် (မတ် ၁၅ ရက်)မှ တပေါင်းလပြည့်နေ့ (မတ် ၂၁ ရက်)အထိ ခုနစ်ရက်တိုင်တိုင် ဇာတ်ပွဲ၊ ဗီဒီယို၊ ကြည့်ချင်ပွဲ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပွဲတော်ရက်အတွင်း တရားပွဲများကျင်းပခြင်း၊ စေတီတော်မြတ်ကြီးအား အနေကဇာတင်ခြင်း၊ ပန်းတနော်မြို့နယ်အသင်း (ရန်ကုန်)တို့မှ စတုဒိသာကျွေးမွေးခြင်း၊ လပြည့်နေ့တွင် လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာခြင်း၊ သံဃာတော်အပါး ၁၀၀နှင့် သီလရှင်အပါး ၆၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းများ ပြုလုပ်မည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးသိန်းအောင်(ရန်ကုန်) ဖုန်း–၀၁–၃၇၈၇၄၅၊ ဦးစိုးဝင်း(ဥက္ကဋ္ဌ–ဂေါပကအဖွဲ့)ဖုန်း–၀၄၆–၃၀၁၆၀၊ ဦးကျော်စိုး(ဒုတိယဥက္ကဋ္ဌ) ဖုန်း–၀၄၆–၃၀၂၅၀၊ ဦးကံရင်(အတွင်းရေးမှူး) ဖုန်း–၀၄၆–၃၀၄၄၈ နှင့် ဦးမင်းညွန့် (ဘဏ္ဍာရေးမှူး) ဖုန်း–၀၄၆–၃၀၁၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

✻ ကျောဖုံးမှ

ဆက်လက်၍ တိုင်းမှူးသည် ဒီဂျစ်တယ် အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို အမွေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဒီဂျစ်တယ်အော်တို အိတ်ချိန်းသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တပ်ဆင်ထား

အဆိုပါ ပဲခူးမြို့ ဥဿာမြို့သစ် ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသည် KY-1000 XM အမျိုးအစားဖြစ်ကာ တပ်ဆင်ထားသည့် လိုင်းအင်အားမှာ ၁၀၀၀ ဖြစ်ပြီး စုစုပေါင်း ငွေကျပ် ၆၉၉ ဒသမ ၀၅၃ သန်း ကုန်ကျခံ တပ်ဆင်ထားခြင်း ဖြစ်သည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပဲခူးမြို့ မော်ကန် ၁၁ လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြိုင်က ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို တိုင်းမှူးနှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်သည်အရှည်ပေ ၁၃၅၀၊ အကျယ်၁၂ ပေရှိပြီး ငွေကျပ် ၁၁၅သိန်း ကုန်ကျခံ တည်ဆောက်ခြင်းဖြစ်သည်။

တက်ရောက်ကြည်ညို

ယင်းနောက် တိုင်းမှူးသည် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ဆွမ်းဆန်တော်အိတ် ၁၀၀ ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုရာ ရှေးဦးစွာ တိုင်းမှူးနှင့် ပရိသတ်များက ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိ စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇောတိပါလထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်သို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်အိတ် ၁၀၀ နှင့် သက်န်းအစ ရှိသော လှူဖွယ်ပစ္စည်းများကို ကြခတ်ဝိုင်း ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် ပဲခူးမြို့ ဥဿာမြို့သစ် ဓမ္မလင်္ကာရ ဗုဒ္ဓရက္ခိတ ကျောင်းတိုက်သို့ သွားရောက်၍ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် ကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်သော တမ္ဗလောဟ မဟာမုနိ ကြေးသွန်း ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဲအင်းဂူ(မော်ဘီ) နေ့စဉ်တရားစခန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ မူလသဲအင်းဂူဆရာတော်ကြီး ဥက္ကဋ္ဌ တည်ထောင်တော်မူခဲ့သော မူလသဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် နေ့စဉ်တရားစခန်း ဖွင့်လှစ်ထားရှိရာ တရားစခန်းဝင်ရောက်လိုကြသူများသည် ဖုန်း–၆၂၀၀၁၉ နှင့် ၀၉–၅၀–၃၈၅၂၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် အင်တာနက်ဝက်ဘ်ဆိုက် www.theinngu.org မှလည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဖေဖော်ဝါရီ၂ ရက်က မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲတွင် တတိယတန်း၌ ပညာရည်ချွန်ဆုရရှိသူ မဆုမြတ်စံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက ဆုချီးမြှင့်စဉ်။ (က–ပ)

သုံးခွမြို့နယ် ဝိနည်းစာပြန်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ သတ္တမအကြိမ်မြောက် ကိုးမြို့နယ် သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲကို မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်တွင် မတ် ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ကုသိုလ် ပါဝင်လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် ဖုန်း–၃၉၀၄၂၂၊ လိုင်းခွဲ–၂၀၂၅၊ မြို့မရေလည်ကျောင်း ဖုန်း–၃၉၀၄၂၂၊ လိုင်းခွဲ–၂၀၅၂၊ စီမံခန့်ခွဲရေးဗဟိုရုံးအဖွဲ့ ဖုန်း–၃၉၀၄၂၂၊ လိုင်းခွဲ–၂၀၀၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၁–၂–၂၀၀၈ ရက်
(ကြာသပတေးနေ့)
၁၃၆၉ ခုနှစ် တပို့တွဲလပြည့်နေ့
(ဥပုသ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ပရိတ်တရားတော်
- ၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈း၁၀ ၇။ အတီးပြိုင်ပွဲ
- ၈း၁၅ ၈။ အကပဒေသာ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Let's Go
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (အိမ်တွင်းစီးပွားအထူးပြုများ) (စီးပွားရေးပညာ)
- ၁၆း၄၅ ၄။ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ရူပဗေဒဘာသာရပ်)
- ၁၇း၂၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇း၃၅ ၆။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈း၀၀ ၇။ ညနေခင်းသတင်း
- ၁၈း၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၉။ တေးဂီတအစီအစဉ်
- ၁၈း၄၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း–၉)
- ၁၉း၂၅ ၁၁။ နွဲ့စိုပျော်ပျော် ဆံတော်ရှင်ကျိုက်ခေါက် ဗုဒ္ဓပူဇနီယပွဲတော်
- ၁၉း၃၅ ၁၂။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် ဩဝါဒပါတိမောက်အခါတော်နေ့
- ၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း–၂)
- ၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ညွှန်ကြားရေးမှူး ဦးကံညွန့်နှင့်အဖွဲ့ ရန်ကုန်တိုင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကံညွန့်ဦးဆောင်သောအဖွဲ့သည် ဖေဖော်ဝါရီ၁၇ ရက်က ရန်ကုန်တိုင်း အဝေးပြေး ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်း (ဘုရင့်နောင်)ရှိ အစည်းအဝေးခန်းမတွင် လုပ်ငန်းရှင်များ၊ ကော်မတီဝင်များ၊ အဝေးပြေးအသင်း ဂိတ်တာဝန်ခံများ၊ သတင်းပို့စနစ် စစ်ဆေးခွင့်ပြုသူများနှင့် တွေ့ဆုံ၍ ကုန်တင်မော်တော်ယာဉ်များ ထွက်ခွာခွင့်လက်မှတ် လာရောက်လျှောက်ထားစဉ် သက်တမ်းရှိ သက်သေခံလက်မှတ်(အဝိုင်း)၊ သတ်မှတ်ထားသည့် ယာဉ်မောင်း/ယာဉ်နောက်လိုက် လိုင်စင်ရှိ၊ မရှိ စစ်ဆေးပြီးမှ ခွင့်ပြုရေး၊ သတ်မှတ်ကုန်တင် ကုန်ချိန်ထက် ပိုမိုမတင်ဆောင်ရေးတို့ကို စစ်ဆေးဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**
(သတင်းစဉ်)

မိတ်ဆွေများ တိုးတက်ပွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မိတ်ဆွေများ တိုးတက်ဖွံ့ဖြိုးရေးအသင်း၏ နှစ်(၅၀)ပြည့် ရွှေရတုနှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ၂၄ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၃၅၇ အထက်ပုဇွန်တောင်လမ်း စက်ဆန်းရပ်ကွက် (အသင်းတိုက်ကားမှတ်တိုင်ရှေ့) မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။**(က–ပ)**

လှိုင်သာယာမြို့နယ် အမှတ်(၁၃)ရပ်ကွက် မီးသတ်ရေစုပ်စက်ပေးအပ်ပွဲနှင့် မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၀ ရက်က အဆိုပါ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ဥက္ကဋ္ဌ ဦးစိုးမိုးအောင်၊ အလှူရှင် ဦးတင်အောင်နှင့် ရပ်ကွက်အလှူရှင်များက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကျပ်၁၅ သိန်းတန်ဖိုးရှိသော ရေစုပ်စက်နှစ်လုံးကို အရန်မီးသတ်တပ်စုမှူး ဦးကြည်စိန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်စဉ်။ (၀၉၇)

မက်ကိန်းကို သမ္မတဟောင်းဘုရှ်ထောက်ခံ၊ ဟီလာရီကလင်တန် စီးပွားရေးစီမံကိန်းထုတ်ပြန်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီဘင်ပါတီကိုယ်စားပြု သမ္မတလောင်းနေရာအတွက် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း(အောက်ဝဲပုံ)ကို လက်ရှိသမ္မတဘုရှ်၏ဖခင် စီနီယာဘုရှ်က ထောက်ခံလိုက်သည်။

ဂျွန်မက်ကိန်း၏ ထူးခြားသော အရည်အချင်းကို စစ်ပွဲ၏ ပြင်းပြင်းထန်ထန် စမ်းသပ်မှုတွင် ထုသားပေသား ရရှိစေခဲ့ကြောင်း၊ ယခုကဲ့သို့သော အချိန်အခါမျိုးတွင် အမေရိကန်နိုင်ငံကို ဦးဆောင်ရန် ဂျွန်မက်ကိန်းထက်ပိုသင့်တော်သူမရှိကြောင်း သမ္မတဟောင်း စီနီယာဘုရှ်က ပြောကြားလိုက်သည်။

အထောက်အကူ

ပါတီနှစ်ရပ်စလုံးအတွက်ဝစ္စကွန်ဆင် ပြည်နယ်၌လည်းကောင်း၊ ဒီမိုကရက်တစ်ပါတီအတွက် ဟာဝိုင်ယီ၌လည်းကောင်း အကြိုရွေးကောက်ပွဲများ ပြုလုပ်မည့်ဆဲဆဲတွင် ဂျွန်မက်ကိန်းအား စီနီယာဘုရှ်က ထောက်ခံလိုက်ခြင်းဖြစ်သည်။ယင်းသို့ထောက်ခံခြင်းဖြင့် ရီပတ်ဘလီဘင်ပါတီဝင်များအနေဖြင့် ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ်ရွေးချယ်ရေးတွင်ဂျွန်မက်ကိန်းနောက်၌ စုစည်းထောက်ခံမှုရရှိအောင် အထောက်အကူ ဖြစ်စေနိုင်သည်။

ရှေ့ရောက်နေ

ဂျွန်မက်ကိန်း ကိုယ်တိုင်ကလည်း ရီပတ်ဘလီကင်သမ္မတလောင်း လျာထားခံရရေးတွင် မိုက်ဟတ်ကာဘီးထက် များစွာ ရှေ့ရောက်နေသူဖြစ်သည်။ ပါတီကိုယ်စားလှယ်ပေါင်း ၈၄၃ ဦးရရှိထားပြီးလည်းဖြစ်သည်။

ကြေညာ

ထိုအတောအတွင်း ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်ကပြိုင်ဘက်အထက်လွှတ်တော်အမတ် အိုဘားမားကို ကျော်ဖြတ်ရေးအတွက် စီးပွားရေးစီမံကိန်းအသေးစိတ် တစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်းများ

အာမေးနီးယား သမ္မတရွေးကောက်ပွဲ ပြည်သူတို့ တစ်ခဲနက် မဲပေးလျက်ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၀

ယခင်ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အာမေးနီးယားနိုင်ငံတွင် သမ္မတ ရွေးချယ်ရန် ပြည်သူ တို့ကတစ်ခဲနက် မဲပေးလျက်ရှိသည်။

ပြဿနာ

အာမေးနီးယားပြည်သူများ ယနေ့ရင်ဆိုင်နေရသည့် ပြဿနာများမှာ အလုပ်လက်မဲ့ပြဿနာ၊ ဆင်းရဲမွဲတေမှုနှင့် နိုင်ငံအတွင်း ခေတ်စားနေသည့် အဂတိလိုက်စားမှုများပင် ဖြစ်သည်ဟု ဆိုသည်။

အာမေးနီးယားနိုင်ငံသည် လူဦးရေ ၃ဒသမ ၂သန်းရှိပြီး နိုင်ငံငယ်သော်လည်း စွမ်းအင်ကြွယ်ဝသည့် ကက်စပီယံပင်လယ်နှင့် တောင်ပိုင်းဥရောပ၏ ဓာတ်ငွေ့နှင့်ရေနံဈေးကွက်များအကြား တည်ရှိသဖြင့် မဟာဗျူဟာအရအချက်အချာနေရာ၌ရှိသည်။

ကြေညာမည်

ဖေဖော်ဝါရီ ၁၉ရက်နံနက်စနာရီတွင် မဲရုံများစတင်ဖွင့်လှစ်ပြီး ညနေ ၄နာရီတွင် ပိတ်သည်။ ရွေးကောက်ပွဲရလဒ်များကို မဲရေတွက်ပြီးသည်နှင့် ကြေညာမည် ဖြစ်သည်။ လက်ရှိသမ္မတ ရိုကာရီယင် က ဝန်ကြီးချုပ်ဆာကစ်ဆီဗင်ကို လွှဲပေးလိုသည်။ သို့သော် သမ္မတဟောင်း လေဗွန်ဝင်ရောက်ယှဉ်ပြိုင်၍ ရွေးကောက်ပွဲမှာ အပြိုင်အဆိုင် ဖြစ်လာသည်။

(အင်တာနက်)

အိန္ဒိယဩရိဿအရှေ့ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား သူပုန် ၂၀ သေဆုံး

ဘူဘာနက်စ်ဝါ(အိန္ဒိယ) ဖေဖော်ဝါရီ ၂၀

အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်အရှေ့ပိုင်း၌ သူပုန်များက ရဲစခန်းများကို တိုက်ပြီး လက်နက်များလုယူမှုဖြစ်ပွားခဲ့ပြီးနောက် အိန္ဒိယလုံခြုံရေးတပ်ဖွဲ့ဝင်များသည် မော်ဝါဒီသူပုန်များနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၉ ရက်၌ ပြောကြားသည်။

ဝင်ရောက်စီးနင်း

ရာပေါင်းများစွာသော သူပုန်များသည် ပြည်နယ်မြို့တော်ဘူဘာနက်စ်ဝါမှ မိုင် ၅၀အကွာ နာယာဂါအရပ်၌ ဖေဖော်ဝါရီ ၁၅ ရက်နှောင်းပိုင်းက ရဲစခန်းများကို ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၄ဦး သေဆုံးခဲ့၍ ဒေသတစ်ဝန်း တင်းမာမှုများဖြစ်လာသည်။

ပြောကြား

အဆိုပါတိုက်ပွဲတွင် သူပုန် ၂၀လည်း သေဆုံးခဲ့ကြောင်း ဩရိဿပြည်နယ် ထိပ်တန်းတာဝန်ရှိသူ တူရှာကန်နီမီရှာရာကသတင်းထောက်များအား ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အခိုးခံရသော ပန်းချီကားနှစ်ချပ်အနက်မှ ပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။ **(အင်တာနက်ဓာတ်ပုံ)**

အခိုးခံရသောပန်းချီကားများ ဇူးရစ်မြို့၌ ပြန်လည်တွေ့ရှိ

ဇူးရစ် ဖေဖော်ဝါရီ ၂၀

ကမ္ဘာ့အကြီးဆုံး ပန်းချီကားခိုးမှုကြီးထဲမှ တစ်ခုဖြစ်သည့် အခိုးခံခဲ့ရသော ပန်းချီကားနှစ်ချပ်ကို စွန့်ပစ်ထားသော ကားတစ်စီးအတွင်းမှ ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရှိခဲ့ကြောင်း ဆွစ်ဇာလန်ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

အဆိုပါအခိုးခံရသော ပန်းချီကားနှစ်ချပ်တွင် ၁၈၉၀ပြည့်နှစ်က ပန်းချီဆရာ ဗီဆင့်ဗန်ဂိုနှင့် ၁၈၇၉ ခုနှစ်က ပန်းချီဆရာ ကလေဒီမိုနက်စ် ရေးဆွဲသော ပန်းချီကားများ ပါဝင်သည်။

ရှေးဟောင်းပစ္စည်းပြတိုက်

ယင်းပန်းချီကားနှစ်ချပ်နှင့်အခြား ပန်းချီကား လေးချပ်အပါအဝင် ပန်းချီကားခြောက်ချပ်မှာ ဇူးရစ်မြို့ရှိ သမိုင်းဝင် ရှေးဟောင်းပစ္စည်းပြတိုက်မှ အခိုးခံရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပိတ်ဆို့ရှာဖွေရာ

ရဲတပ်ဖွဲ့က သံသယရှိသော ကားတစ်စီး စွန့်ပစ်ထားသည်ကို တွေ့ရှိရသဖြင့် ပိတ်ဆို့ရှာဖွေရာမှ အခိုးခံရသော ပန်းချီကားများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယင်းပန်းချီကားများသည် လွန်ခဲ့သော သီတင်းပတ်က အခိုးခံခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

ဖီဂျီယာယီဝန်ကြီးချုပ် လူမျိုးစုကောင်စီဥက္ကဋ္ဌတာဝန်ယူ

ဆူဗာ ဖေဖော်ဝါရီ ၂၀

ဖီဂျီအာဏာသိမ်းခေါင်းဆောင်နှင့် ယာယီဝန်ကြီးချုပ် ရေတပ် ဗိုလ်ချုပ် ဖရန့်ဘိုင်နီမာရာမာက ဖီဂျီထိပ်တန်း လူမျိုးစု ကောင်စီ(ဂျီစီစီ) ဥက္ကဋ္ဌအဖြစ် ဖေဖော်ဝါရီ ၁၈ ရက်က တာဝန်ယူလိုက်သည်။

၂၀၀၆ ခုနှစ် ဒီဇင်ဘာ အာဏာသိမ်းမှုကိုမထောက်ခံသဖြင့် ဂျီစီစီကို သူကိုယ်တိုင်ရပ်ဆိုင်းခဲ့ပြီးနောက် ယခုအခါထိုဂျီစီစီကောင်စီ ဥက္ကဋ္ဌရာထူးကို ရယူလိုက်ခြင်းဖြစ်သည်။

သူသည် အဖွဲ့ဝင် ၅၂ဦး ရှိသည့် ဂျီစီစီသို့ပြည်နယ်တစ်ခုချင်းစီမှ ကိုယ်စားလှယ်များကိုခန့်ထားမည်ဖြစ်သည်။

(အင်တာနက်)

ကွန်ဂို၌ တိုက်ပွဲဖြစ် သူပုန် ၁၆ဦး ဒဏ်ရာရ

နယူးယောက် ဖေဖော်ဝါရီ ၂၀

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ တောင်ပိုင်း ကာမီနာမြို့တွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် သူပုန်ဟောင်းများအကြား ဖေဖော်ဝါရီ ၁၉ ရက်က ထိပ်တိုက် ရင်ဆိုင်မှုများ ဖြစ်ပွားကြောင်း ကုလသမဂ္ဂအရာရှိများက ပြောကြားသည်။

ပစ်ခတ်

သူပုန်ဟောင်းများက အစိုးရတပ်စခန်းရှိ လက်နက်တိုက်ကိုဝင်စီးသဖြင့် ယင်းသို့ထိပ်တိုက်တွေ့ပစ်ခတ်ကြခြင်းဖြစ်သည်ဟုဆိုသည်။

ဒဏ်ရာရသူ ၂၇ဦးရှိသည့်အနက် သူပုန် ၁၆ဦး၊ အစိုးရတပ် ကွန်မန်ဒို ၁၀ဦးနှင့် အရပ်သားတစ်ဦး ပါဝင်သည်။

ပြောကြား

ယင်းသို့ဖြစ်ခြင်းကြောင့် ဇန်နဝါရီ ၂၃ရက်ကငြိမ်းချမ်းရေးသဘောတူညီမှုကို ထိခိုက်မည်မဟုတ်ကြောင်း ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

(အင်တာနက်)

မိုဘိုင်းလ်ဖုန်းသုံးစွဲသူတစ်ဦးအား တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မိုဘိုင်းလ်ဖုန်းသုံးစွဲမှု ခံတွင်းကင်ဆာဖြစ်ပွားစေနိုင်

တဲလ်အဗစ် ဖေဖော်ဝါရီ ၂၀

မိုဘိုင်းလ်ဖုန်းအလွန်အကျွံ သုံးစွဲခြင်းသည် ခံတွင်းကင်ဆာရောဂါ ဖြစ်ပွားမှုနှင့်ဆက်စပ်နေကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်တွင်ရေးသားဖော်ပြသည်။

လေ့လာ

သုတေသနပညာရှင်များက မိုဘိုင်းလ်ဖုန်းအသုံးများသော အစ္စရေးလူမျိုး ၅၀၀နှင့် ကျန်းမာရေး ထိန်းချုပ်အသုံးပြုသော မိုဘိုင်းလ်ဖုန်း အသုံးပြုသူများနှင့် နှိုင်းယှဉ်လေ့လာခဲ့သည်။

တစ်နေ့နာရီအတန်ကြာအောင် မိုဘိုင်းလ်ဖုန်းအသုံးပြုသူများသည် တံတွေးဂလင်းတွင် အသားပိုအကျိတ်အဖုဖြစ်ရန် ၅၀ရာခိုင်နှုန်းရှိကြောင်း သုတေသီများက လေ့လာတွေ့ရှိထားသည်။

ယင်းလေ့လာတွေ့ရှိချက်ကို အမေရိကန်ကပ်းပါးဗေဒဆိုင်ရာဆေးဂျာနယ်တစ်စောင်က ရေးသားဖော်ပြထားသည်။

ခံတွင်းခေါင်းကင်ဆာသည် အလွန်အဖြစ်နည်းသော်လည်း ဗြိတိန်နိုင်ငံ၌ တစ်နှစ်လျှင်ကင်ဆာဖြစ်ပွားသူ ၂၃၀၀၀၀ရှိရာတွင် ၅၅၀မှာ ခံတွင်းကင်ဆာဖြစ်ရသည်ဟု ဆိုသည်။

သုံးစွဲနေ

အစ္စရေးနိုင်ငံ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုမှုသည် ကမ္ဘာ့အခြားသောဒေသများရှိ လူများထက် ပို၍သုံးစွဲနေကြကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာ ဆီးဂယ်ဆာဒက်ကီက ပြောကြားသည်။ **(အင်တာနက်)**

ဘဝအမောပြေ

ပဲ ... အဲ ... အဲ ... အဲ ...

နှလုံးအစားထိုးကုသရန် လိုအပ်သော လူနာတစ်ဦးအား လူ့နှလုံးအလွယ်တကူမရသဖြင့် ဆိတ်တစ်ကောင်၏နှလုံးဖြင့် အမြန်အစားထိုးရန် ဆရာဝန်က လူနာနှင့်ညှိနှိုင်းလေသည်။

ဆရာဝန် ။ ။ နှလုံးအမြန်အစားထိုးဖို့လိုနေပြီ။

လူနာ ။ ။ ဒေါက်တာ ကောင်းသလိုသာစီစဉ်ပါ။

ဆရာဝန် ။ ။ လူ့နှလုံးကအလွယ်မရလို့ ဆိတ်နှလုံးနဲ့ အစားထိုးရမယ်။

လူနာ ။ ။ ဒေါက်တာ ကောင်းသလိုသာစီစဉ်ပါ။

ဆရာဝန် ။ ။ ဒါဆိုရင် ခွဲစိတ်ကုသမှုစလုပ်မယ်။

ခွဲစိတ်ကုသပြီးနောက် ရက်အတန်ကြာတွင် ခွဲစိတ်ကုသပေးခဲ့သည့် ဆရာဝန်ထံ လူနာရောက်လာရာ....

ဆရာဝန် ။ ။ ဆိတ်နှလုံးနဲ့ အစားထိုးကုသလိုက်တာ ဘယ်လိုနေလဲ

လူနာ ။ ။ ပဲ...အဲ...အဲ...အဲ...

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

လှုပ်လှုပ်ရှားရှား အင်တာနက် ပုံရိပ်များ

ဘတ်စ်ကားတိမ်းမှောက်

အမေရိကန်နိုင်ငံ မင်နီဆိုတားပြည်နယ် အနောက်တောင်ပိုင်း ကော့တွန်ဝုဒ်မြို့၌ ဖေဖော်ဝါရီ ၂၀ ရက်က သုံးဦးသေဆုံးခဲ့ရသည့် ဘတ်စ်ကား တစ်စီး တိမ်းမှောက်ခဲ့သည့်မြင်ကွင်းကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

မြစ်အတွင်းခုန်ဆင်းသောကျား

အိန္ဒိယနိုင်ငံ ဆန်ဒါဘန်တောအတွင်းမှ ဖမ်းဆီးလာသော ကျားတစ်ကောင်သည် ဆန်ဒါရီကာတီ မြစ်အတွင်း သင်္ဘောဖြင့် တင်ဆောင်လာစဉ် ဖေဖော်ဝါရီ ၂၀ ရက်က မြစ်အတွင်း ဤသို့ ခုန်ဆင်း သွားခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

အိုကီနာဝါရှိ ကန်တပ်ဖွဲ့ဝင်များ အပြင်မထွက်ရအမိန့်ထုတ်ပြန်

အိုကီနာဝါ ဖေဖော်ဝါရီ ၂၀

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် သတ်မှတ်ချိန်တွင် အပြင်မထွက်ရအမိန့်ကို အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီ ၂၀ ရက်၌ ထုတ်ပြန်ခဲ့သည်။

အဆိုပါအမိန့်အား ဂျပန်ဆယ်ကျော်သက်အမျိုးသမီးတစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက အဓမ္မပြုကျင့်မှုနှင့် ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေးတင်းမာစဉ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ တောင်ဘက်စွန်းရှိ အိုကီနာဝါကျွန်း၌ အမေရိကန်တပ်ဖွဲ့ဝင် ထောင်ပေါင်းများစွာ တပ်စွဲထားသည်။

(အင်တာနက်)

အင်ဒိုနီးရှား သတ္တုကဏ္ဍဖွံ့ဖြိုးရေး ဒေါ်လာ လေးဘီလီယံ ဩစတြေးလျက ရင်းနှီးမြှုပ်နှံမည်

ဂျကာတာ ဖေဖော်ဝါရီ ၂၀

ဩစတြေးလျနိုင်ငံက အင်ဒိုနီးရှားသတ္တုကဏ္ဍ၌ အမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားအရာရှိများက ဖေဖော်ဝါရီ ၁၉ ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီပြည်နယ်တွင် သတ္တုလုပ်ငန်းများ၌ အမေရိကန် ဒေါ်လာနှစ်ဘီလီယံ ရင်းနှီးမြှုပ်နှံရန် ဩစတြေးလျအခြေစိုက် ရီရိုတင်တိုအုပ်စုက စီစဉ်ခဲ့သည်။ ထို့အတူ အခြားစီးပွားရေးကုမ္ပဏီများကလည်း အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။

ဩစတြေးလျကုမ္ပဏီများအနေဖြင့် အင်ဒိုနီးရှားသတ္တုလုပ်ငန်းမှ တစ်နှစ်လျှင် သတ္တုတန်ချိန် ၄၆၀၀၀ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားသည်။ ထိုသို့ သတ္တုလုပ်ငန်း စီမံကိန်းများကြောင့် အင်ဒိုနီးရှား၌ အလုပ်အကိုင် ၅၀၀၀ ခန့်လည်း ရရှိနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ သတ္တုလုပ်ငန်း၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်းသည် သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး အကျိုးအမြတ်များကို ခွဲဝေခံစား နိုင်ကြမည်ဖြစ်သည်။ **(အင်တာနက်)**

သတင်းမှပေးသော အသိနှင့် သတိပြုဖွယ်

ကလေးငယ်အား သတိလက်လွတ်ထားမိခဲ့သော ...

အာဂျင်တီးနားနိုင်ငံ ဗျူနိုအေရီစ်မြို့တွင် ဖေဖော်ဝါရီ၁၉ ရက်က အသက် လေးနှစ်အရွယ် ကလေးငယ်တစ်ဦး ယာဉ်တိုက်ခံရမှုကြောင့် သေဆုံးခဲ့ရကြောင်း ဗျူနိုအေရီစ်မြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖြစ်ပွားမှုမှာ အသက် ၃၉ နှစ်အရွယ် မာရီဘတ်အမည်ရှိ အမျိုးသမီးသည် အိမ်မှုကိစ္စများဆောင်ရွက်နေစဉ် အသက်လေးနှစ်အရွယ်သားငယ်အား ခြံဝင်း အတွင်း ဘောလုံးတစ်လုံးဖြင့် ဆော့ကစားစေခဲ့သည်။ အချိန်အတန်ကြာ၌ ယာဉ်တိုက်သံကြားသဖြင့် ထွက်ကြည့်ရာမှ ခြံတံခါးအပြင်ဘက်လမ်းမပေါ်၌ ယာဉ်တိုက်ခံရမှုကြောင့် သေဆုံးသွားသော သားငယ်ကိုတွေ့လိုက်ရာ မူးမေ့ မတတ် ကြေကွဲစွာ ခံစားခဲ့ရသည်။

ကလေးငယ်မှာ ခြံဝင်းအပြင်ဘက် ထွက်သွားသော ဘောလုံးကို ပြေးကောက်ရင်း မော်တော်ယာဉ် အတိုက်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် မိဘများအနေဖြင့် ကလေးငယ်များအား သတိလက်လွတ်တစ်ဦးတည်း မထား မိကြစေရန် သတိပြုဆင်ခြင်ဖွယ်ရာပင်။ ။

မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

မဆုံစည်းခဲ့လေသောအခါ....

ဒွန်ကက်စတာမြို့သည် အင်္ဂလန်နိုင်ငံ ယော့ရှိုင်းယားနယ်ကယ်လီဒိုးနီးယားဒေသရှိ လူဦးရေသုံးသိန်းကျော်နေထိုင်သော မြို့ကလေးတစ်မြို့ဖြစ်သည်။ ရစ်ချတ်ဂျွန်ရေနော်၏ ဇာတိမြို့ ဖြစ်သည်။ ရေနော်သည် မိဘနှစ်ပါးနှင့်အတူ ယင်းမြို့တွင် ပျော်ရွှင်စွာ နေထိုင်ခဲ့ရာ ယခုအခါ အသက် ၂၃နှစ်အရွယ်သို့ ရောက်ရှိနေပြီ ဖြစ်သည်။

ရစ်ချတ်ဂျွန်ရေနော်။

အလုပ်ခွင်သို့ဝင်ရောက်

ရေနော်သည် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် သူဝါသနာပါရာ ကွန်ပျူတာနှင့် ပတ်သက်သော ပညာရပ်ကို လေ့လာဆည်းပူးခဲ့သည်။ ထိုသို့သင်ယူပြီးနောက် ဘွဲ့ရသည်မှာ တစ်နှစ်မျှသာ ရှိသေးသည်။ ၎င်းရရှိခဲ့သောဘွဲ့မှာ ကွန်ပျူတာဆော့ဖ်ဝဲအင်ဂျင်နီယာဘွဲ့ဖြစ်သည်။ ဘွဲ့ရပြီးနောက် ဆော့ဖ်ဝဲအင်ဂျင်နီယာအဖြစ် အလုပ်တန်းဝင်ခဲ့ရာ အလုပ်ခွင်သို့ ဝင်ရောက်ခဲ့သည်မှာလည်း တစ်နှစ်မျှသာ ရှိသေးသည်။

လက်ထပ်ကြရန် ရည်ရွယ်ထား

ရေနော်သည်ပျော်ပျော်နေတတ်သူတစ်ဦးဖြစ်ပြီး ပေါ့ပါးသွက်လက်ဖျတ်လတ်သူတစ်ဦး ဖြစ်သည်။ မိဘနှင့် မိတ်ဆွေအသိုင်းအဝိုင်းများအပေါ်တွင်လည်း ဆိုးသွမ်းရမ်းကားတတ်သူတစ်ဦး မဟုတ်ပေ။ ရေနော်သည် တက္ကသိုလ် ကျောင်းသားဘဝတွင် ရက်ဖို့ဒ်မြို့မှ ကျောင်းလာတက်သော သူ့ထက်တစ်နှစ်ငယ်သည့် ကာတီရော်ဘင်ဆန်ဆိုသူ မူခင်းသိပ္ပံကျောင်းသူအမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံချစ်ကြိုက်ခဲ့ကြသည်။ သူတို့နှစ်ဦးသည် မကြာမီတွင် လက်ထပ်ကြရန် ရည်ရွယ်ထားသူများ ဖြစ်ကြသည်။

တည်းခိုခဲ့ကြ

ရေနော်နှင့် ရော်ဘင်ဆန်တို့နှစ်ဦးသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ၁၃ ရက်တွင် အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ ချစ်သူ

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

သဘာဝ အပန်းဖြေအပျော်ခရီး ထွက်ခဲ့ကြပြီး တူနှစ်ကိုယ်နီးရမည့်အရေးကို စိတ်ကူးယဉ်လျက် ပျော်ရွှင်နေခဲ့ကြသည်။ သူတို့နှစ်ဦးသည် ဗင်းနစ်မြို့ ဆင်ခြေဖုံးရှိ မက်စ်ထရီအရပ်ရှိ ဟိုတယ်တစ်ခု၌ တည်းခိုခဲ့ကြသည်။ သူတို့နှစ်ဦးအဖို့ ယခုခရီးသည် အလွန်ပျော်ရွှင်စရာကောင်းသော ခရီးတစ်ခု ဖြစ်ခဲ့သည်။

အထိမ်းအမှတ်

ရေနော်နှင့် ရော်ဘင်ဆန်တို့သည် ဖေဖော်ဝါရီ ၁၃ ရက် နံနက်စောစော ဗင်းနစ်မြို့သို့ ရောက်ရှိကတည်းက မြို့တွင်းသို့ တစ်နေကုန် တစ်နေခန်း လျှောက်လည်ကာ ပျော်မဆုံး မော်မဆုံး အောင် ရှိခဲ့ကြသည်။ ထိုနေ့ညသည် သူတို့နှစ်ဦးစလုံးအတွက် နောက်ဆုံးည ဖြစ်သည်ကို သူတို့မသိခဲ့ကြပေ။

ရေနော်နှင့် ရော်ဘင်ဆန်တို့သည် လျှောက်လည်ရာမှပြန်လာပြီး ဟိုတယ်တွင် ခေတ္တအနားယူကာ ညစာစားရန်အတွက် စားသောက်ဆိုင်သို့ထွက်ခဲ့ကြသည်။ စားသောက်ဆိုင်တွင် ညစာစားပြီးနောက် နောက်နေ့အတွက် အထိမ်းအမှတ်အဖြစ် ဝိုင်နှစ်ပုလင်း ဖောက်သောက်ခဲ့ကြသည်။

ကမ္ဘာခြားအောင်ဝေးကွာခဲ့

သူတို့နှစ်ဦးသည် ဗင်းနစ်မြို့တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တာ အပန်းဖြေလည်ပတ်ရန် စီစဉ်ခဲ့ကြသည်။ ဝိုင်နှစ်ပုလင်းကုန်သောအခါ ရော်ဘင်ဆန်က ၎င်းတည်းခိုရာဟိုတယ်သို့ ပြန်လိုကြောင်း တောင်းဆိုခဲ့သည်။ သို့သော်လည်း ရေနော်က မပြန်ချင်သေးဘဲ အပြင်တွင်ဆက်လက်နေထိုင်လိုကြောင်း ဆိုလာသည်။ သူတို့နှစ်ဦးသည် ဆန္ဒနှစ်ခုကြားတွင် လွန်ဆွဲကြရင်း တစ်ဦးနှင့်တစ်ဦး ပဋိပက္ခဖြစ်ခဲ့ကြရသည်။ ထိုပဋိပက္ခကြောင့်ပင် သူတို့နှစ်ဦးစလုံး ပြန်မဆုံနိုင်တော့သည်အထိ ကမ္ဘာခြားအောင် ဝေးကွာခဲ့ကြသည်။

အလျှော့မပေး

သူတို့နှစ်ဦးစလုံး တစ်ဦးကိုတစ်ဦး အလျှော့မပေးဘဲ ကိုယ့်ဆန္ဒကိုယ် ရှေ့တန်းတင်ခဲ့ကြသောကြောင့် ကတောက်ကဆ ဖြစ်ခဲ့ကြရသည်။ ရေနော်အား ဟိုတယ်သို့ ပြန်ခေါ်၍ မရနိုင်သောကြောင့် စိတ်ဆိုးသွားသော ရော်ဘင်ဆန်သည် သူတို့နှစ်ဦးနေထိုင်ရာ တည်းခိုခန်းသို့ပြန်ရန် တက္ကစီငှားနေချိန်တွင် ရေနော်ကို မတွေ့ရတော့ပေ။ စိတ်ဆိုးမပြေသေးသော ရော်ဘင်ဆန်သည် ရေနော်ကို မစောင့်တော့ဘဲ ဟိုတယ်သို့ ပြန်ခဲ့သည်။ ဟိုတယ်သို့ပြန်ရောက်သောအခါ ရေနော်၏လက်ကိုင်ဖုန်းကို ဆက်ရာ ရေနော်ဖုန်းမကိုင်သဖြင့် သူပြောလိုသည်များကို ဖုန်းအတွင်း၌ မှာထားခဲ့သည်။ ရော်ဘင်ဆန်သည် ထိုညက ရေနော်ပြန်အလာကို စောင့်ခဲ့သော်လည်း ရေနော်မှာ တစ်ညလုံး ပြန်လာခြင်း မရှိခဲ့ပေ။

အတည်ပြုပေးခဲ့

ရော်ဘင်ဆန်သည် နောက်နေ့ ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေနော်ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ရဲအဖွဲ့ကို တိုင်ကြားခဲ့တော့သည်။ ရေနော်၏ဖခင် ဝီလျံသည် ရေနော်ပျောက်ဆုံးပြီး သုံးရက်အကြာ ဖေဖော်ဝါရီ ၁၆ ရက်တွင်သားဇာဖြင့် ဗင်းနစ်မြို့ မက်စ်ထရီရပ်သို့ ရောက်ရှိလာခဲ့သည်။ ဖေဖော်ဝါရီ ၁၇ရက်တွင် ရေနော်၏ အလောင်းကို ရေနော်နှင့် ရော်ဘင်ဆန်တို့ သွားရောက်စားသောက်ရာ ဆိုင်အနီးမှ ဗင်းနစ်နှင့် ပြည်မသို့ ဆက်သွယ်ထားသည့် တံတားအောက်ရှိ ဗင်းနစ်တူးမြောင်းထဲ၌ ပြန်တွေ့ခဲ့သည်။ ရေနော်၏အလောင်း ဖြစ်ကြောင်းကို ဖခင်ဝီလျံက အတည်ပြုပေးခဲ့သည်။

ရေနော်၏ဖခင် ဝီလျံက ၎င်း၏သား ရေနော်သည် ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ခြင်း မဖြစ်နိုင်ကြောင်း အခိုင်အမာဆိုခဲ့သည်။ ထို့အပြင် ရေနော်တွေ့ရှိခဲ့ရာ တူးမြောင်း အနီးရှိ အခင်းဖြစ်အရပ်တွင် ရေနော်၏ လက်ကိုင်ဖုန်း၊ ပိုက်ဆံအိတ်၊ နိုင်ငံကူးလက်မှတ်နှင့်ဟိုတယ်အခန်းသော့တို့ကို မပျောက်မရှဘဲ တွေ့ရှိရသကဲ့သို့ ရေနော်၏ အလောင်းကို ခွဲစိတ်စစ်ဆေးမှုအရ ဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိခဲ့ရသဖြင့် ဝိုင်သောက်ထားသည့် အရှိန်ကြောင့် ဗင်းနစ်တူးမြောင်းနံဘေးလမ်းအတိုင်းသွားစဉ် ရေထဲသို့ ပြုတ်ကျ သေဆုံးသွားခဲ့ကြောင်း အတည်ပြုခဲ့ကြသည်။

သတိထားလုပ်ကိုင်သင့်

ဤဖြစ်ရပ်တွင် မူးယစ်နေစဉ် တူးမြောင်းဘေး လမ်းလေးအတိုင်း သတိလက်လွတ် လမ်းလျှောက်သွားခဲ့သူ ရေနော်၏သေဆုံးမှုအတွက် ကံကိုသာ ယိုးမယ်ဖွဲ့ရမည် ဖြစ်သည်။ မည်သူမဆို အရာရာကို သတိထား လုပ်ကိုင်သင့်ကြောင်း ဤဖြစ်ရပ်က သက်သေ ပြနေသကဲ့သို့ ချစ်သူ ရစ်ချတ်ဂျွန်ရေနော်ကို လက်လွတ် ဆုံးရှုံးခဲ့ရသူ ကာတီရော်ဘင်ဆန်အဖို့ မဆုံစည်းခဲ့လေသော ကံကြမ္မာကိုသာ အပြစ်ဖို့ နေရုံမှတစ်ပါး။ ။

ရေနော်နှင့် ရော်ဘင်ဆန်တို့နှစ်ဦးသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ ချစ်သူသဘာဝ အပန်းဖြေအပျော်ခရီး ထွက်ခဲ့ကြပြီး တူနှစ်ကိုယ်နီးရမည့်အရေးကို စိတ်ကူးယဉ်လျက် ပျော်ရွှင် နေခဲ့ကြ။

နှစ်ပေါင်း ၂၅၀၀ ခန့်က ရှေးဟောင်းမြို့ အိန္ဒိယ အရှေ့ပိုင်းတွင် ရှာဖွေတွေ့ရှိ

ဘူဘာနက်စ်ဝါ ဖေဖော်ဝါရီ ၂၀

အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၌ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်က မြို့တစ်မြို့ကို အိန္ဒိယ ရှေးဟောင်းသုတေသန ပညာရှင်များက ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရှိခဲ့ကြောင်း အင်တာနက် သတင်း၌ ဖော်ပြသည်။

တွေ့ရှိ

အဆိုပါရှေးဟောင်းမြို့ကို သြရိဿ ပြည်နယ်အရှေ့ပိုင်း၏မြို့တော် ဘူဘာနက်စ်ဝါမြို့အနီး စီစုပါဂါ အရပ်၌ တွေ့ရှိခဲ့ကြောင်း **(အပေါ်ပုံ)** အိန္ဒိယ ရှေးဟောင်းသုတေသန ပညာရှင်များက ပြောကြားသည်။

တွက်ချက်ပြောကြား

ယင်းမြို့၌ လူပေါင်း ၂၀၀၀၀ မှ ၂၅၀၀၀ အထိ နေထိုင်ခဲ့ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ခန့်မှန်းသုံးသပ် ပြောကြားသည်။

ရှေးဟောင်းပစ္စည်းများ

တူးဖော်တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများမှာ ကျောက်တိုင် ၁၈ လုံး၊ အိုးများ၊ စဥ့်သုတ်ထားခြင်း မရှိသော မြေထည်လက်ကောက်များ၊ လက်စွပ်များနှင့် နားဆွဲများ ပါဝင်သည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အာဏာခွဲဝေအုပ်ချုပ်ရန် အမေရိကန်၏တင်ပြချက် ကင်ညာအစိုးရ လက်မခံပယ်ချ

နိုင်ရိုဘီ ဖေဖော်ဝါရီ ၂၀

ကင်ညာနိုင်ငံအား အာဏာခွဲဝေအုပ်ချုပ်ရန် အမေရိကန်၏တင်ပြချက်သည် အစိုးရသစ်အတွက် အဟန့်အတားများသာဖြစ်စေမည်ဖြစ်ကြောင်း၊ ညွန့်ပေါင်းအစိုးရတစ်ခုအတွက် အမေရိကန်၏ တင်ပြချက်များသည် ဖြစ်စေချင်တာနှင့် ကွဲလွဲနေကြောင်း ကင်ညာအစိုးရက ဖေဖော်ဝါရီ ၁၉ ရက်၌ ပြောကြားသည်။

နိုင်ငံတကာအသိုင်းအဝိုင်း အနေဖြင့် ကင်ညာနိုင်ငံ၏ နိုင်ငံရေးအဖြေတစ်ခုအတွက် သတ်မှတ်ပြဋ္ဌာန်းမှု မလုပ်သင့်ကြောင်း ကင်ညာနိုင်ငံခြားရေး ဝန်ကြီး မိုဆီးစ်ဝက်တန်ဂူလာက ပြောကြားသည်။

တုံ့ပြန်ပြောကြား

အမေရိကန်သမ္မတဂျော့ချ်ဒဗလျူဘုရှ်က လက်ရှိနိုင်ငံရေး ထွက်ပေါက်ပိတ်နေမှုကို အဆုံးသတ်ရန်၊ အာဏာခွဲဝေအုပ်ချုပ်ရေးကို ဆောင်ရွက်ရန် တိုက်တွန်း ဆော်ဩလိုက်ပြီးနောက် တစ်ရက်အကြာ ဝက်တန်ဂူလာက အထက်ပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

အခိုင်အမာပြောကြား

ကင်ညာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ညွန့်ပေါင်းအစိုးရအတွက် သတ်မှတ်စည်းကမ်းချက်များ မရှိသေးကြောင်း၊ အစိုးရသစ်အတွက် အသင့်မဖြစ်သေးကြောင်း ကင်ညာအစိုးရက အခိုင်အမာ ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် မိတ်ဆွေများကို ထောက်ခံအားပေးနေကြောင်း၊ အမှားတစ်ခုအတွက် သေနတ်ဖြင့် မဖြေရှင်းသင့်တော့ကြောင်း ကင်ညာနိုင်ငံခြားရေးဝန်ကြီးက နိုင်ရိုဘီမြို့ သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များအား ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်အရှေ့ပိုင်း၌ရေလွှမ်း ၁၀ ဦးသေဆုံး

မနီလာ ဖေဖော်ဝါရီ ၂၁

ဖိလစ်ပိုင်နိုင်ငံ အရှေ့ပိုင်းဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၀ ဦးသေဆုံးပြီး ခုနစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ဖေဖော်ဝါရီ ၁၉ ရက်၌ ပြောကြားသည်။

ပင်လယ်အတွင်း ကျွန်းစုများ အဖြစ်တည်ရှိလျက်ရှိသည့် ဆာမာပြည်နယ်မှာ တိုင်ဖုန်းမုန်တိုင်းများနှင့် မိုးသည်းထန်မှုဒဏ်ကို အများဆုံးခံစားရသည့် ပြည်နယ်တစ်ခုဖြစ်ပြီး သေဆုံးသူအများစုမှာ အဆိုပါပြည်နယ်မှဖြစ်ကြောင်း ကြက်ခြေနီအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဂျီအမ်ဒဗလျူ ရုပ်မြင်သံကြားဌာနသို့ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းမှာ ဖေဖော်ဝါရီ ၁၅ ရက်ကတည်းက ဖြစ်ပေါ်လျက်ရှိကာ ယခုရက်ပိုင်းများအထိ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်။

ဆာမာပြည်နယ်ရှိ အဓိကလမ်းမများပေါ်ရှိ တံတားများမှာ ရေလွှမ်းမှုများကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ဂျီအမ်ဒဗလျူ ရုပ်မြင်သံကြားဌာန၏ သတင်းထုတ်ပြန်ချက်၌ ပါရှိသည်။

(အင်တာနက်)

ကိုလံဘီယာ၌ ငလျင်လှုပ်

ဘိုဂိုတာ ဖေဖော်ဝါရီ ၂၀

ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၆ အဆင့်ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ သို့ရာတွင် ပျက်စီးဆုံးရှုံးမှုနှင့် သေကျေမှုများမဖြစ်ပေါ်ခဲ့ကြောင်း ကိုလံဘီယာအမျိုးသား ငလျင်တိုင်းတာရေးအဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် လော့စ်စန်တိုမြို့မှ ၉ ဒသမ ၅ ကီလိုမီတာအကွာ ဘူကာရာမန်ဂါမြို့အနီး၌ မြေအောက် ၁၄၃ ဒသမ ၄ ကီလိုမီတာကို ဗဟိုပြုသွားခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တောင်ကိုရီးယား သမ္မတသစ် ဝန်ကြီးအဖွဲ့စာရင်းထုတ်ပြန်ကြေညာ

ဆိုးလ် ဖေဖော်ဝါရီ ၂၀

လာမည့်ဖေဖော်ဝါရီ ၂၅ ရက်၌ ရုံးထိုင်တော့မည့် ရွေးချယ်တင်မြှောက်ခံရသော တောင်ကိုရီးယားသမ္မတသစ် လီမြန်ဘတ်သည် ၎င်း၏ ဝန်ကြီးအဖွဲ့စာရင်းကို ဖေဖော်ဝါရီ ၁၉ ရက်၌ ကြေညာလိုက်သည်။

ခန့်အပ်

အဆိုပါဝန်ကြီးစာရင်းတွင် ဘဏ္ဍာရေး ဒုတိယဝန်ကြီးဟောင်း ကန်ဗန်ဆူးအား ဘဏ္ဍာရေးဝန်ကြီး ရာထူးကိုလည်းကောင်း၊ ဆိုးလ်တက္ကသိုလ် ပါမောက္ခ ကင်ဒိုရီယွန်အား ပညာရေးဝန်ကြီးရာထူးကိုလည်းကောင်း၊ ဂျပန်နိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး ယုမြိုင်ဝမ်အား နိုင်ငံခြားရေး ဝန်ကြီးရာထူးကိုလည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ်ဟောင်း လီဆန်ဟီးအား ကာကွယ်ရေး ဝန်ကြီးရာထူးကို လည်းကောင်း ခန့်အပ်လိုက်သည်။

တာဝန်ပေး

ထို့အပြင် ကိုရီးယားစီအီးအို စိုက်ပျိုးရေးအသင်းဥက္ကဋ္ဌ ချွန်ဝပ်ချန်းအား စိုက်ပျိုးရေး ဝန်ကြီးရာထူးကို လည်းကောင်း၊ ဒုတိယတရားရေးဝန်ကြီးအား တရားရေးဝန်ကြီးရာထူးကိုလည်းကောင်း၊ ရှန်အန့်တက္ကသိုလ်နှင့် ရုပ်မြင်သံကြား သရုပ်ဆောင် ယိုအင်ချွန်းအား ယဉ်ကျေးမှုဝန်ကြီးရာထူးကိုလည်းကောင်း၊ ကိုရီးယားစက်မှုအသင်း ဒုတိယဥက္ကဋ္ဌ လီယွန်ဟိုအား ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးရာထူးကိုလည်းကောင်း၊ ဝိုင်ဒဗလျူစီအေ အမျိုးသမီးဥက္ကဋ္ဌ ပတ်အွန်ကွမ်းအား ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးရာထူးကို လည်းကောင်း အသီးသီး တာဝန်ပေး ခန့်အပ်လိုက်သည်။

ဝန်ကြီးအဖွဲ့

အင်ဟာ တက္ကသိုလ် ပါမောက္ခ လီယောင်ဟေးအား အလုပ်သမားဝန်ကြီးရာထူးကိုလည်းကောင်း၊ အီဟွာ အမျိုးသမီး တက္ကသိုလ်ပါမောက္ခ ကင်ဆွန်ရီးအား ကျန်းမာရေးနှင့် လူမှုရေးဝန်ကြီး ရာထူးကိုလည်းကောင်း၊ ကိုရီးယားမီးရထားကွန်ရက် အာဏာပိုင်အဖွဲ့ အကြီးအကဲ ချန်ဂျွန်ဟွာအား ဆောက်လုပ်ရေးနှင့်ပို့ဆောင်ရေးဝန်ကြီးရာထူးကိုလည်းကောင်း၊ ဆိုးလ်ဒုတိယမြို့တော်ဝန်ဟောင်းအား ပြည်သူ့အုပ်ချုပ်ရေးနှင့် လုံခြုံရေးဝန်ကြီးရာထူးကိုလည်းကောင်း၊ ကောင်ဂျီးတက္ကသိုလ်ပါမောက္ခနန်ဂျူဟွန်းအား ဝန်ကြီးအဖွဲ့ဝန်ကြီးရာထူးကိုလည်းကောင်း အသီးသီး တာဝန်ပေးခန့်အပ်လိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်ရှိအမေရိကန်စစ်အခြေစိုက်စခန်း ဒုံးကျည်များဖြင့် ပစ်ခတ်ခံရပြီး နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်တောင်ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ဖေဖော်ဝါရီ ၁၉ ရက်၌ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ဘဂ္ဂဒက်ရဲတပ်ဖွဲ့က ပြောကြားသည်။

ထိုသို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် အီရတ်ပြည်သူ ငါးဦးသေဆုံးပြီး အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး အပါအဝင် ၁၀ ဦး ဒဏ်ရာရရှိခဲ့သည်။

ပစ်ခတ်တိုက်ခိုက်

ဒဏ်ရာရရှိသူ အီရတ်နိုင်ငံသားများမှာအမေရိကန်စစ်အခြေစိုက်စခန်းသို့ ရိက္ခာများသယ်ယူပေးပို့နေသောသူများဖြစ်သည်။ အမေရိကန်တပ်ဖွဲ့ဝင်များက ယခုကဲ့သို့ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှု၌ ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ ခြောက်ဦးကို ဖမ်းဆီးထားသည်။

ကုသမှု

ဒဏ်ရာရရှိသူများကို အမေရိကန်စစ်မြေပြင်ဆေးရုံ၌ ကုသမှုပေးလျက်ရှိသည်။ မကြာမီကလည်း အမေရိကန်တပ်ဖွဲ့ဝင်များ စခန်းချရာ ဘဂ္ဂဒက်လေဆိပ်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။

(အင်တာနက်)

စွမ်းရည်ပြသ

စင်ကာပူ လေကြောင်းပြပွဲ ပထမဆုံးနေ့ ဖြစ်သည့် ဖေဖော်ဝါရီ ၁၉ ရက်၌ စင်ကာပူလေတပ်မှ တိုက်လေယာဉ်ခြောက်စင်း ဤသို့ စွမ်းရည်ပြသခဲ့ကြသည်။

(အင်တာနက်ဓာတ်ပုံ)

ရေလွှမ်း

ပေါ်တူဂီနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့တော်လစ္စဘွန်းရှိ လိုရက်စ် ဆင်ခြေဖုံးဒေသ၌ ရေလွှမ်းမှု ဖြစ်ပေါ်နေသည်ကို ဖေဖော်ဝါရီ ၁၈ ရက်က ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)



21-2 (06) 1 2/21/08, 1:44 AM

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၀-၂-၂၀၀၈

ကမ္ဘောဒီးယား၌ ရထားလမ်းဟောင်းများ ပြုပြင်အသုံးပြုမည်

ကမ္ဘောဒီးယားနိုင်ငံက မီးရထားလမ်းဟောင်းများကို ပြန်လည်မွမ်းမံ အသုံးပြုသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိများက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ မီးရထားလမ်းအရှည် ကီလိုမီတာ ၆၀၀ နှင့် ကမ္ဘောဒီးယားနှင့်ထိုင်းနယ်စပ်ရှိမီးရထားလမ်းအရှည် ၄၈ ကီလိုမီတာကို ပြန်လည်မွမ်းမံ အသုံးပြုသွားမည်ဖြစ်သည်။

ရုရှား လေကြောင်းကာကွယ်ရေးစနစ် အောင်မြင်စွာစမ်းသပ်

ရုရှားနိုင်ငံက လေကြောင်းကာကွယ်ရေး လေ့ကျင့်မှုတစ်ရပ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။

အဆိုပါ လေကြောင်းကာကွယ်မှုစမ်းသပ်ခြင်းကို မော်စကိုမြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး တိုက်လေယာဉ်၃၀တို့က မော်စကိုသို့ ပျံသန်းရင်း လေ့ကျင့်ပစ်ခတ်တိုက်ခိုက်မှုတစ်ရပ် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား ကြက်ကောင်ရေနှစ်သိန်းခန့် သုတ်သင်ရှင်းလင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ခရိုင်စုစုပေါင်း သုံးပုံနှစ်ပုံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားလျက်ရှိရာ ကြက်၊ ဘဲကောင်ရေ နှစ်သိန်းခန့် သုတ်သင်ရှင်းလင်းခဲ့ရကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

ယခုအခါ ခရိုင်ပေါင်း ၄၃ခရိုင်ရှိ ကြက်မွေးမြူရေးခြံပေါင်း ၂၇၀ခန့်က ကြက်ကောင်ရေ ၈၅၀၀၀၀ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း၊ စားသောက်ဆိုင်များ၌ ကြက်သားရောင်းချမှုမပြုရန် တိုက်တွန်းထားကြောင်း ၎င်းတို့ကပြောကြားသည်။

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား

သီရိလင်္ကာမြောက်ပိုင်း ဂျာဖ်နာအရပ်၌ သီရိလင်္ကာတပ်ဖွဲ့ဝင်များက စစ်ဆင်တိုက်ခိုက်မှုများကြောင့် တမီးလ်ကျားသူပုန် ၅၆ ဦးသေဆုံးသွားကြောင်း သီရိလင်္ကာစစ်ဘက်အရာရှိများက ပြောကြားသည်။

ယခုတိုက်ပွဲဖြစ်ပွားသည့် အရပ်များမှာ မင်နာခရိုင်၊ ဗိုလိုနာရူဝါခရိုင်၊ ဗာဗျူနီယာခရိုင်များ၌ ဖြစ်ပြီး ၂၅ နှစ်အတွင်း အပြင်းထန်ဆုံးတိုက်ပွဲများပင်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ယူအေအီး အစိုးရအဖွဲ့ ပြင်ဆင်ဖွဲ့စည်းမည်

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)သမ္မတရှိတ်ခါလီဖာဘင်ဇာယတ်က ယူအေအီးနိုင်ငံ၏ အစိုးရအဖွဲ့ကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။

ယခုကဲ့သို့ အစိုးရပြင်ဆင်ဖွဲ့စည်းမှုမှာ ၁၉၇၁ ခုနှစ်မှစတင်ကာ ရှစ်ကြိမ်မြောက် အစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်းလည်းဖြစ်သည်။

အိန္ဒိယတပ်မတော်အတွက် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်များ ရရှိမည်

အိန္ဒိယတပ်မတော်အတွက် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်များကို မကြာမီလက်ခံရရှိမည်ဖြစ်ကြောင်း အိန္ဒိယစစ်ဘက်အရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံ ချန်ဒရာပူရာခရိုင်အနီး စက်ရုံတစ်ခုမှ ပီနာကာအမည်ရှိ နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည်များကို ဖေဖော်ဝါရီ ၂၇ရက်၌ လက်ခံရရှိမည်ဟု ၎င်းတို့က ပြောကြားသည်။

ဂျာမနီနှင့် ဆီးရီးယားဝန်ကြီးများ လက်ဘနွန်ကိစ္စဆွေးနွေး

လက်ဘနွန်နိုင်ငံတွင် ဖြစ်ပေါ်နေသော အကျပ်အတည်းနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါလ်တာစတင်မိုင်ရာနှင့်ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီး ဝါလစ်ဒ်အယ်မိုရာလမ်တို့ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါနိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့အနေဖြင့် လက်ဘနွန်အကျပ်အတည်းကို ဖြေရှင်းရာ၌ အာရပ်နိုင်ငံများကပါ ပူးပေါင်းဝိုင်းဝန်းဖြေရှင်းသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

အီတလီ၌ မာဖီးယားခေါင်းဆောင်ဖမ်းမိ

အီတလီနိုင်ငံရှိ မူးယစ်ဆေးဝါးဂိုဏ်းများ၌ သြဇာအရှိဆုံးမာဖီးယားခေါင်းဆောင်တစ်ဦးအား အီတလီရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးမိကြောင်း အီတလီရဲအရာရှိများက ပြောကြားသည်။

အဆိုပါပုဂ္ဂိုလ်မှာ အသက် ၅၇နှစ်အရွယ်ရှိ ပါစကွာလီကွန်ဒဲလ်လိုဖြစ်ပြီး အီတလီနိုင်ငံတောင်ပိုင်း ရက်ဂီရိုကာလာဘရီးရားမြို့ အိမ်တစ်အိမ်၌ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ဘဝဒဿနအမြင်

■ **Time change and we with them.**

အချိန်နှင့်အမျှ ကျွန်ုပ်တို့ ပြောင်းလဲနေကြ၏။

ဂျေအာရ်အာရ်တိုကိန်း(အင်္ဂလိပ်စာရေးဆရာ)

■ **Love conquers all but hunger.**

အချစ်သည် ဆာလောင်မွတ်သိပ်ခြင်းမှတစ်ပါး အရာရာကို ဖြည့်ဆည်းပေးနိုင်သည်။

ဝီလ်ရောဂျားစ် (ဟာသဆရာ)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❐ **ဗင်နီဇွဲလားနိုင်ငံအရှေ့ပိုင်း အင်ဇိုရာတီဂူပြည်နယ်တွင် ဖေဖော်ဝါရီ ၁၉ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် သုံးဦး သေဆုံးခဲ့သည်။**

● တရုတ်နိုင်ငံက ၂၀၀၈ခုနှစ်အတွင်း ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်းသို့ ဆက်သွယ်ရေးဂြိုဟ်တု ၁၀လုံးလွှတ်တင်မည်ဟု တရုတ်အရာရှိများက ပြောကြားသည်။

❐ **အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့၌ ဖေဖော်ဝါရီ ၁၉ရက်က ဆီးနှင်းများ အဆက်မပြတ်ကျရောက်မှုကြောင့် လမ်းများ၊ အဆောက်အအုံများ အပေါ် ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့ရာ သွားလာရေးပြတ်တောက်ပြီး စာသင်ကျောင်းအချို့ ပိတ်ထားခဲ့ရသည်။**

● ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘာဇာခရိုင်ကမ်းလွန်တွင် ဖေဖော်ဝါရီ ၁၉ရက်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းသမား ၁၀ဦး သေဆုံးခဲ့ရသည်။

❐ **နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့၌ ဖေဖော်ဝါရီ ၁၉ရက်က သုံးထပ်လူနေအဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ လေးဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်။**

● အိန္ဒိယနိုင်ငံ နယူးဒေလီမြို့အနောက်ဘက် မိုင် ၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဖေဖော်ဝါရီ ၁၉ရက်က မိုးကြိုးပစ်ချ၍ သုံးဦးသေဆုံးခဲ့သည်။

❐ **ဂျပန်နိုင်ငံ တိုကျိုမြို့အရှေ့ပိုင်း ကမ်းလွန်တွင် ဖေဖော်ဝါရီ ၁၉ရက်က ရေတပ်ဖျက်သင်္ဘောတစ်စင်းနှင့်ငါးဖမ်းသင်္ဘောတစ်စင်းတို့ တိုက်မိခဲ့ရာ ငါးဖမ်းသင်္ဘောမှ ငါးဖမ်းသမားနှစ်ဦး ပျောက်ဆုံးလျက်ရှိသည်။**

● မာဒါဂါစကာနိုင်ငံ မာဒါဂါစကာမြို့အနီး မြေအောက်မှ ဖေဖော်ဝါရီ ၁၉ရက်က ရှေးနှစ်ပေါင်းသန်း ၇၀ခန့်ရှိ ဖားတစ်ကောင်၏အရိုးစုကို သုတေသနပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည်။ **(အောက်ပုံ)**



ဆိုမာလီယာနိုင်ငံ

သတင်းအက်ဆေး

တိုး-ရေးသားသည်

ဆိုမာလီယာနိုင်ငံသည် အာဖရိကတိုက် အရှေ့မြောက်ပိုင်း၌ တည်ရှိသည်။ ၁၉၉၁ခုနှစ်တွင်သမ္မတဆီယက်ဘာရီအား ရာထူးမှ ဖယ်ရှားပြီးနောက်ပိုင်း ထိထိရောက်ရောက် အုပ်ချုပ်နိုင်သည့် ဗဟိုအစိုးရမရှိတော့ချေ။

ပြိုင်ဘက်စစ်နယ်ရှင်များ အချင်းချင်း နှစ်ပေါင်း များစွာ တိုက်ခိုက်မှု၊ အငတ်ဘေးနှင့်ရောဂါဘယများကို ပိုင်နိုင်စွာ တိုက်ဖျက်ကာကွယ်နိုင်ခြင်း မရှိမှုတို့ကြောင့် ပြည်သူတစ်သန်းအထိ အသက်ဆုံးရှုံးရသည်။ဗြိတိသျှအထိန်းသိမ်းခံနိုင်ငံနှင့် အီတလီလက်အောက်ခံ ကိုလိုနီတို့ကို ၁၉၆၀ပြည့်နှစ်တွင် ပေါင်းလိုက်ပြီးနောက် ဆိုမာလီယာနိုင်ငံကို ထူထောင်လိုက်သည်။

အစိတ်စိတ်အမွှာမွှာကွဲသွား

အာရပ်လူမျိုးစုတို့က အေဒင်ပင်လယ်ကွေ့ ကမ်းခြေတွင် သက္ကရာဇ်၆၀၀က အဒဲစော်ဘွားနယ်ကို ထူထောင်သည်။ သက္ကရာဇ်၁၅၀၀ပြည့်နှစ်များအရောက်တွင် ပြည်နယ်ကလေးများအဖြစ် အစိတ်စိတ်အမွှာမွှာကွဲသွားသည်။ ၁၈၇၅ခုနှစ်တွင် ဆိုမာလီယာကမ်းခြေမြို့များနှင့် အတွင်းပိုင်းဒေသအချို့ကို အီဂျစ်တို့က သိမ်းပိုက်သည်။ ၁၈၆၀ပြည့်လွန်နှစ်များတွင် ဆိုမာလီယာကမ်းခြေကို ပြင်သစ်တို့ ခြေချကာ သိမ်းယူသည်။ ထိုနယ်မြေမှာ နောက်ပိုင်းတွင် ဂျီဘူတီနိုင်ငံဖြစ်လာသည်။ ၁၈၈၇ခုနှစ်တွင် ဆိုမာလီလင်းကို အထိန်းသိမ်းခံနိုင်ငံအဖြစ် ဗြိတိန်က ကြေညာသည်။ ၁၈၈၉ ခုနှစ်၌ ဆိုမာလီယာ အလယ်ပိုင်းတွင် အီတလီက လက်အောက်ခံနိုင်ငံတစ်ခုထူထောင်သည်။ ထို့နောက် ဇန်ဇီဘာစော်ဘွားက လွှဲအပ်သည့် တောင်ပိုင်းမှနယ်မြေကိုပါ ပေါင်းစပ်သိမ်းသွင်းလိုက်သည်။ ၁၉၃၆ ခုနှစ်တွင် အီတလီဆိုမာလီလင်းနှင့် အီသီယိုးပီးယားနိုင်ငံမှ ဆိုမာလီယာစကားပြော အစိတ်အပိုင်းများကို စုစည်းလိုက်ပြီး အီတလီအရှေ့အာဖရိကပြည်နယ်သတ်မှတ်၍ လက်အောက်ခံနိုင်ငံပြုလုပ်လိုက်သည်။

၁၉၄၀ပြည့်နှစ်၌ အီတလီက ဗြိတိသျှဆိုမာလီလင်းကို သိမ်းပိုက်ပြီး ၁၉၄၁ခုနှစ်တွင် ဗြိတိန်က အီတလီဆိုမာလီယာကိုသိမ်းလိုက်သည်။

အစောင့်အရှောက်ခံနယ်မြေတစ်ခု

၁၉၅၀ပြည့်နှစ်၌ အီတလီဆိုမာလီလင်းသည် အီတလီထိန်းချုပ်မှုအောက်မှ ကုလသမဂ္ဂအစောင့်အရှောက်ခံနယ်မြေတစ်ခုဖြစ်လာသည်။ ၁၉၅၆ခုနှစ်တွင် အီတလီဆိုမာလီလင်းနိုင်ငံကို ဆိုမာလီယာနိုင်ငံအဖြစ်အမည်ပြောင်းလိုက်သည်။

၁၉၆၀ပြည့်နှစ်၌ လွတ်လပ်ရေးရပြီး ဆိုမာလီယာသမ္မတနိုင်ငံထူထောင်သည်။ အေဒင်အဗ္ဗဒူလာအိုစမန်ဒါးအား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၆၇ခုနှစ် ရွေးကောက်ပွဲတွင် ရာရှစ်အလီရှာမာကေးက အိုစမန်ဒါးကို အနိုင်ရကာ သမ္မတဖြစ်လာသည်။ ၁၉၆၉ခုနှစ်၌ ရာရှစ်အလီရှာမာကေး လုပ်ကြံခံရပြီး မိုဟာမက်ဆီယက်ဘာရီက အာဏာသိမ်းလိုက်သည်။ ၁၉၇၀ပြည့်နှစ်၌ ဆိုမာလီယာနိုင်ငံကို ဆိုရှယ်လစ်နိုင်ငံအဖြစ် ဆီယက်ဘာရီက ကြေညာကာ စီးပွားရေးလုပ်ငန်းအများအပြားကို ပြည်သူပိုင်သိမ်းလိုက်သည်။ ၁၉၇၄ ခုနှစ်တွင် ဆိုမာလီယာနိုင်ငံသည် အာရပ်အဖွဲ့ချုပ်ဝင်နိုင်ငံဖြစ်လာသည်။ ၁၉၇၇ခုနှစ်တွင် အီသီယိုးပီးယားနိုင်ငံမှ ဆိုမာလီစကားပြော အိုဂါဒင်ဒေသကို ကျူးကျော်ဝင်ရောက်သည်။ ၁၉၇၈ခုနှစ်၌ ဆိုဗီယက်အကြံပေးအရာရှိများ၊ ကျူးဘားတပ်ဖွဲ့ဝင်များ၏အကူအညီဖြင့် အီသီယိုးပီးယားနိုင်ငံက အိုဂါဒင်ဒေသမှ ဆိုမာလီယာတပ်ဖွဲ့ဝင်များကို တိုက်ထုတ်သည်။ အစိုးရရာထူးမှ မီဂျာတင်ဆွေမျိုးစုနှင့် အိုက်ဆက်ဆွေမျိုးစုများကို ဖယ်ရှားပြီး ၎င်း၏မာရီဟာန်ဆွေမျိုးစုများကိုခန့်အပ်သည့်အတွက် ၁၉၈၁ခုနှစ်တွင် ဆီယက်ဘာရီအစိုးရကို ဆန့်ကျင်မှုများ စတင်လှုပ်ရှားသည်။ ၁၉၉၁ခုနှစ်တွင် ဆီယက်ဘာရီအား ဖယ်ရှားပစ်လိုက်သည်။ မျိုးနွယ်စုစစ်နယ်ရှင်များဖြစ်ကြသည့် မိုဟာမက်ဖာရာအိုင်ဒီနှင့်အလီမက်ဒီ မိုဟာမက်တို့အကြား အာဏာလုကြရာတွင် အရပ်သားထောင်ပေါင်းများစွာ သေကျေ ဒဏ်ရာရကြသည်။

အတိုက်အခံမျိုးနွယ်စုများက ဆီယက်ဘာရီအား ရာထူးမှဖယ်ရှားပစ်သော်လည်း အစားထိုးရန် သဘောတူညီမှုမရရှိကြဘဲ တိုင်းပြည်သည်သာ ဥပဒေမဲ့မှုနှင့် မျိုးနွယ်စုချင်း စစ်ခင်းမှုအတွင်းသို့ သက်ဆင်းသွားစေသည်။

ကြားဖြတ်အစိုးရ

၂၀၀၀ပြည့်နှစ်တွင် မျိုးနွယ်စုအကြီးအကဲများနှင့် အခြားသော ထင်ရှားသူများက ဂျီဘူတီနိုင်ငံ၌ ညီလာခံကျင်းပပြီး အဗ္ဗဒူကာဆင်ဆလက် ဟက်ဆန်အား သမ္မတအဖြစ်ခန့်အပ်သည်။ စစ်ခင်းနေသည့် ပြည်သူ့စစ်များ ပြန်လည်သင့်မြတ်စေရန်ရည်ရွယ်လျက် ကြားဖြတ်အစိုးရကို ဖွဲ့စည်းလိုက်သည်။ သို့သော် ပြန်လည်သင့်မြတ်ရေးတွင် တိုးတက်အောင် ကြားဖြတ်အစိုးရက ဆောင်ရွက်မပေးနိုင်ပေ။

၂၀၀၄ ခုနှစ်တွင် ကင်ညာနိုင်ငံ၌ အချိန်ရှည်ကြာစွာ ဆွေးနွေးပြီးနောက် ပါလီမန်ထူထောင်ရန် အဓိကစစ်နယ်ရှင်များနှင့် နိုင်ငံရေးသမားများ ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ထိုးသည်။ ၁၉၉၁ခုနှစ်နောက်ပိုင်း (၁၄)ကြိမ်မြောက် အစိုးရထူထောင်ရန် ကြိုးပမ်းမှုအဖြစ်အစိုးရဖွဲ့စည်းသည်။ အစိုးရသစ်မှာလည်း ပြန်လည်သင့်မြတ်ရေး ဖော်ဆောင်မှုတည်းဟူသော ကြီးမားသည့်တာဝန်ရှိနေသည်။

အီသီယိုးပီးယားတပ်များ၏ အကူအညီဖြင့် ကြားဖြတ်အစိုးရကို သစ္စာခံသည့်တပ်များက အစ္စလာမ္မစ်များလက်ထဲမှ ပြန်လည်၍ နယ်မြေသိမ်းယူလိုက်သည်။ မိုဂါဒစ်ရှုးမြို့တော်ကိုလည်း အစ္စလာမ္မစ်ဝါဒီများထံမှ ပြန်လည်ရယူလိုက်ပြီဖြစ်သည်။ သို့သော် မြို့တော်မှ ပြည်သူနှစ်သိန်းခန့်သည် အတိုက်အခိုက်များကြားမှ လွတ်ရာသို့ထွက်ပြေးခဲ့ရသည်။ ဆိုမာလီယာဒုက္ခသည်များမှာ တစ်သန်းခန့် ရှိသည်ဟုဆိုသည်။ ဆိုမာလီယာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားရေးအကျပ်အတည်းမှာ အာဖရိကတိုက်တွင် အဆိုးဆုံးဖြစ်သည်ဟု ကုလသမဂ္ဂအထူးသံတမန် အာမက်ဒိုအူအဗ္ဗဒူလာက ပြောဆိုသုံးသပ်သည်။

မိုဂါဒစ်ရှုးမြို့တော်သို့ ဘူရွန်ဒီနိုင်ငံက ပြီးခဲ့သည့်လကပင် တပ်ဖွဲ့ဝင် ၄၄၀စေလွှတ်ကာ အာဖရိကသမဂ္ဂ(အေယူ) ငြိမ်းချမ်းရေးတပ်သို့ အင်အားဖြည့်ဆည်းပေးလိုက်သည်။ ။

ကိုးကား-အင်တာနက်

ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ ကမ္ဘာ့အားကစား နောက်ဆုံးသတင်းများ

ချန်ပီယံလိဂ်ပွဲစဉ်အချို့မှ နည်းပြတို့၏ ရင်ဖွင့်စကား

ရေးသားသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၂၀

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက် ပထမအကျော့ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၀ရက်က ကစားတဲ့အခါ နာမည်ကြီး ရီးရဲမက်ဒရစ်နဲ့ အင်တာမီလန်တို့ ရှုံးပွဲကြုံတွေ့ခဲ့လို့ နောက်တစ်ဆင့်တက်ဖို့ ခက်ခက်ခဲခဲ ရုန်းကန်ကြရတော့မှာ ဖြစ်ပါတယ်။ အဝေးကွင်းမှာ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့တဲ့ ချယ်လ်ဆီးတို့ရဲ့အနေအထားက လည်း အိမ်ကွင်းမှာ အပြတ်ကစားမှရမယ့် အခြေအနေရောက်ခဲ့ပြီမို့ ချန်ပီယံလိဂ်ပွဲစဉ်တွေမှာကစားခဲ့တဲ့ အသင်းနည်းပြအချို့ရဲ့ ပွဲအပြီး ပြောစကားတွေကို ဖော်ပြလိုက်ရပါတယ်။

"မဖြစ်သင့်တဲ့ ရလဒ်ပါပဲ"
အင်တာနည်းပြ မန်စီနီ

အင်တာမီလန်ကို လီဗာပူးတို့က အိမ်ကွင်း အန်ဖီးလ်မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ယူ ခဲ့တာမို့ အံ့ဩစရာ ဖြစ်ခဲ့ရပါတယ်။ ဒီပွဲအပြီးမှာ လီဗာပူးနည်းပြ ဘင်နီတက်ဇ်က "ဒီပွဲမကစားခင် ကတည်းက အနိုင်ရလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ထားပြီးသားပါ၊ အင်တာမီလန် ဒီနေ့ကစားသွားတာ ကောင်းပါတယ်၊ ကျွန်တော့်လူတွေ အတော်လေး ကစားသွားရတယ်။ အင်တာမီလန်ရဲ့ တန်ပြန်တိုက်စစ်တွေက အန္တရာယ်ကြီးပါတယ်၊ သူတို့တွေ ကစားပုံက ကျွန်တော်တို့ အချိန်မရွေး ချေပဂိုးတွေ ပြန်ပေး ရနိုင်တဲ့ အနေအထားပါ၊ ကျွန်တော့် လူတွေဒီနေ့ ကစားသွားတာနဲ့ ပတ်သက်ပြီး အပြည့်အဝဆုံး မဟုတ်ပေမယ့် ကျေနပ်ပါတယ်။ ပွဲချိန်မိနစ် ၃၀ကတည်းက မာတာရာဇီ ထွက်သွားရပြီး ၁၀ဦးတည်းရှိတဲ့ အင်တာကို နောက်ဂိုးတွေနဲ့မှ အနိုင်ရခဲ့ပေမယ့် ဒီရလဒ်ကသိပ်ကောင်းပါတယ်။ အဝေးကွင်းမှာတော့ သေသေချာချာ ပြင်ဆင် ကစားရဦးမှာပါ"လို့ ဘင်နီတက်ဇ်က ပြောကြားသွားပါတယ်။

ဆိုက်ရောက်

ဒီပွဲမှာ လီဗာပူးကို ဘောရှုံးလူရှုံး ဖြစ်ခဲ့ရတဲ့ အင်တာမီလန် နည်းပြ မန်စီနီကတော့ "မဖြစ်သင့်တဲ့ရလဒ်တစ်ခုကို လက်ခံလိုက်ရတာပါပဲ၊ လီဗာပူးဟာ အိမ်ကွင်းမှာ ကစားရခက်ခဲမယ်ဆိုတာ ကျွန်တော် တွက်ပြီးသားပါ။ မာတာရာဇီ စောစောစီးစီး ထွက်သွားရတာကလည်းပွဲရလဒ်ကို ထိခိုက်စေသလို ကစားသမားတွေရဲ့ စိတ်ဓာတ်ကိုလည်း အနည်းနဲ့အများ ထိခိုက်စေခဲ့တာပါပဲ။ တကယ်ဆိုရင် ဒီပွဲရလဒ်ဟာ မဖြစ်သင့်ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ်



"နိုင်မယ်လို့ ယုံကြည် ပြီးသား ပါ"
လီဗာပူးနည်းပြ ဘင်နီတက်ဇ်

အိမ်ကွင်းမှာ ကျွန်တော်တို့အခြေအနေကောင်းနဲ့ ကြုံတွေ့ရမယ်ဆိုတာ ယုံကြည်နေပါတယ်"လို့ ပြောကြားခဲ့ပါတယ်။ အင်တာမီလန်ဟာ အိမ်ကွင်းမှာ လီဗာပူးကို အနည်းဆုံး သုံးဂိုးပြတ်သွင်းမှအနိုင်ရမှာမို့ အိတ်သွန်ဖာမှောက်ကစားမှရတော့မယ့် အခြေအနေ ဆိုက်ရောက်နေပြီဖြစ်ပါတယ်။

ဒီလိုပါပဲ အိုလံပီယာကို့စ်အသင်းကို အဝေးကွင်း ဂိုးမရှိသရေကစားခဲ့တဲ့ ချယ်လ်ဆီးနည်းပြ ဂရန့် ကလည်း "အိုလံပီယာကို့စ်ဟာ အိမ်ကွင်းမှာ အတော်လေး ကစားခက်တဲ့အသင်းဖြစ်သလို အသင်းကောင်းတစ်သင်းလည်းဖြစ်ပါတယ်။ အမှန်အတိုင်း ဝန်ခံရရင် ဒီပွဲရလဒ်ကို ကျွန်တော် ကျေနပ်ပါတယ်။ အိုလံပီယာကို့စ်အသင်းဟာ ကျွန်တော်တို့အသင်းကိုအကျပ်အတည်းဖြစ်အောင်ကစားနိုင်ခဲ့ပေမယ့် အသင်းလိုက်ကစားအားမှာ ကျွန်တော့် လူတွေက သာတာမို့ အခုလို သရေပွဲဖြစ်ခဲ့တာပါ၊ အိမ်ကွင်းမှာတော့ အနိုင်ရအောင်ကစားသွားမှာပါ"လို့ ပြောကြားခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းဟာ အဝေးကွင်းမှာ ဂိုးမရှိ သရေကျခဲ့လို့ ဒုတိယအကျော့ အိမ်ကွင်းမှာ စိတ်ဓာတ်အသာစီးနဲ့ ကစားရမယ့်အနေအထား ရောက်ခဲ့ပြီဖြစ်ပါတယ်။

နာမည်ကြီးရီးရဲမက်ဒရစ်ကို အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပွဲရအောင် ကစားခဲ့တဲ့ ရိုးမားအသင်းနည်းပြ စပယ်လက်တီကတော့ "ရီးရဲတို့က အဖွင့်ဂိုး အစောကြီး သွင်းခဲ့လို့ ကျွန်တော် စိုးရိမ်သွားခဲ့ပေမယ့် ချေပဂိုး မြန်မြန်ရခဲ့လို့ ကျွန်တော့်လူတွေ နောက်ပိုင်းပွဲချိန်တွေမှာ ကောင်းကောင်းကစား သွားနိုင်ခဲ့ပါတယ်။ ရီးရဲကို အိမ်ကွင်းမှာ အနိုင်ရလိုက်တာဟာ ကျွန်တော်တို့အတွက်တော့ အားသာချက်တစ်ခုပါပဲ၊ သူတို့ကွင်းမှာတော့ ကျွန်တော်တို့ ရုန်းကန်ရဦးမှာပါ"လို့ ပြောကြားသွားပါတယ်။

ပြောကြားခဲ့

ရိုးမားကို အဝေးကွင်းမှာ အဖွင့်ဂိုး သွင်းယူနိုင်ခဲ့ပေမယ့် နှစ်ဂိုး-တစ်ဂိုးနဲ့

"ဒီပွဲရလဒ် ကျေနပ်ရမှာပါ"
ချယ်လ်ဆီးနည်းပြ ဂရန့်

"ကျွန်တော့်လူတွေ ဆန္ဒစောနေခဲ့တယ်"
ရီးရဲနည်းပြ ဘန်ရှူးစတား

ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ ရီးရဲမက်ဒရစ်နည်းပြဘန်ရှူးစတားက "ကျွန်တော့်လူတွေ ဆန္ဒစောတာတွေလည်း ပါသလို ရိုးမားခံစစ်မှူးတွေ ကောင်းတာလည်းပါတယ်၊ ရိုးမားဟာ တောင့်တင်းတဲ့ အသင်းဆိုတာ ကျွန်တော့် ကစားသမားတွေကို အသိပေးပြီးသားပါ၊ တိုက်စစ်မှူးတွေ အဆုံးသတ်ကောင်းခဲ့ရင် ဒီလိုရလဒ် ထွက်စရာမရှိနိုင်ပါဘူး၊ အိမ်ကွင်းမှာ အကောင်းဆုံးရလဒ်ထွက်အောင် ကစားသွားဖို့ ပြင်ဆင်ရတော့မှာပါ"လို့ ပြောကြားခဲ့ပါတယ်။ ။

ကိုးကား-အင်တာနက်

ချန်ပီယံလိဂ် ၁၆သင်း ရှုံးထွက်ပထမအကျော့ပွဲစဉ်များယှဉ်ပြိုင် လီဗာပူး၊ ရိုးမားနှင့်ရှော်လ်ကေးတို့ အနိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၂၀

ချန်ပီယံလိဂ် နောက်ဆုံး၁၆သင်း ရှုံးထွက်ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၉ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူး၊ ရိုးမားနှင့် ရှော်လ်ကေးတို့ နိုင်ပွဲများရရှိခဲ့ကြသည်။

ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာ၏ ထိုးဖောက်ကစားမှုကို အိုလံပီယာကို့စ် နောက်တန်းကစားသမားတစ်ဦးက ဤသို့ဟန့်တားခဲ့သည်။
(အင်တာနက်ဓာတ်ပုံ)

လီဗာပူး-အင်တာမီလန်

လီဗာပူးအသင်းသည် ၁၀ ယောက်တည်းနှင့် ကစားခဲ့ရသည့် အင်တာမီလန်အသင်းတို့က တစ်ချိန်လုံး ဖိကစားနိုင်ခဲ့သည်။အင်တာမီလန်ကစားသမား မာတာရာဇီသည် ဖာနန်ဒိုတောရက်စ်အား နှစ်ကြိမ်ကြမ်းတမ်းစွာ ကစားခဲ့၍ ပွဲချိန်မိနစ် ၃၀တွင် နှစ်ဝါတစ်နီဖြင့် ကွင်းပြင်ထွက်ခဲ့ရသည်။ အင်တာမီလန်အသင်းသည် ဂိုးမပေးရရေးအတွက် လီဗာပူးအသင်း၏ ထိုးဖောက် တိုက်စစ်ကို ထိန်းကစားခဲ့သည်။

ကစားကွက်အသာရနေသော လီဗာပူးအသင်းသည် ပွဲပြီးခါနီး ဂိုးရရှိရေး အကြိတ်အနယ် ထိုးဖောက်ကစားရာ ပွဲချိန်၈၅မိနစ်တွင် ဒက်ကွက်က လီဗာပူးအသင်းအတွက် ဖွင့်ဆော်ဦးဂိုးစတင်သွင်းယူလိုက်သည်။

လီဗာပူးတို့ရရှိသော တစ်ဂိုးကြောင့် ခြေစွမ်းတက်လာပြီး ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲသိမ်းခါမှာမှတ်မိ စတီဗင်ဂျရတ်က ၂၅ ကိုက်အကွာမှ ကန်သွင်းလိုက်ရာ တစ်ဂိုးထပ်မံ ရရှိခဲ့သည်။

လျော့ပါး

ပွဲအပြီး လီဗာပူးတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်၍ အသင်းပိုင်ရှင်များက နည်းပြဘင်နီတက်ဇ်အပေါ် အမြင်မကြည်လင်မှုများ လျော့ပါးသက်သာရာ ရသွားသည်။

လီဗာပူး ကစားသမားများအနေဖြင့် နည်းပြဘင်နီတက်ဇ်အပေါ် အသင်းပိုင်ရှင်များက တစ်ရာသီလုံး အမြင်မကြည်လင်ဖြစ်ရခြင်းကြောင့် ပွဲမစမီကပင် နည်းပြအတွက် အနိုင်ကစားပေးရန် စိတ်အားထက်သန် နေခဲ့ကြသည်။

ကံဆိုးရာသည့် အင်တာမီလန်အသင်းမှ မာတာရာဇီ နှစ်ဝါတစ်နီဖြင့် ထွက်သွားသဖြင့် ကစားကွက်၊ ဟာကွက်ဖြစ်ခဲ့ရသည်။

အိုလံပီယာကို့စ်-ချယ်လ်ဆီး

ချယ်လ်ဆီးအသင်းနှင့် အိုလံပီယာကို့စ်အသင်းတို့သည် ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်အဆင့် ပထမအကျော့အဖြစ် ဂရိနိုင်ငံတောင်ပိုင်း အိုလံပီယာကို့စ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အိမ်ကွင်းအားသာချက်ရှိသော အိုလံပီယာကို့စ်အသင်းသည် ချယ်လ်ဆီးတို့ ထိုးဖောက်အကွက်ဆင်ကစားသည့် ကစားကွက်ကို ဖြတ်တောက်ဖျက်ဆီးကာ ဂိုးမရှိသရေ လိုက်ကစားနိုင်ခဲ့သည်။

ဧည့်အသင်း ချယ်လ်ဆီးသည် ပထမပိုင်းပြီးနောက် အနိုင်ရရှိရေးအတွက် အပြင်းအထန်တိုက်ကွက်ဆင်ကစားလာသည်။ ချယ်လ်ဆီးတို့ ဂိုးသွင်းခွင့်များစွာ ဖန်တီးသော်လည်း ဂိုးမရဖြစ်ခဲ့ရသည်။

ပွဲအစတွင် ဂျွန်တယ်ရီနှင့် လမ်းပတ်တို့ အရန်ခုံ၌သာထိုင်ပြီး အားပေးခဲ့ရသည်။ ပွဲပြီးရန် ငါးမိနစ်အလိုတွင် ဘောလက်အစား လမ်းပတ်ဝင်ကစားခဲ့သော်လည်း ဂျွန်တယ်ရီ ဝင်ကစားသည်ကို မတွေ့ရပေ။

ပွဲပြီးသည်အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ပွဲသိမ်းခဲ့ရသည်။ သို့သော် ချယ်လ်ဆီးအသင်းသည် မတ်လတွင် ကစားမည့် ဒုတိယအကျော့ အိမ်ကွင်းပြိုင်ပွဲ၌ အနိုင်ရရှိရန် မျှော်လင့်ထားသည်။ အိမ်ကွင်း၌ ချယ်လ်ဆီးတို့ အနိုင်ရရှိပါက ငါးရာသီအတွင်း စတုတ္ထအကြိမ်မြောက် အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ဖွယ်ရှိသည်။

လီဗာပူးအားကစားသမား မာရှေယာနို၏ ခြေစွမ်းပြ ကစားကွက်ကို ဤသို့ တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

အိုလံပီယာကို့စ်အသင်းသည်လည်း အတွေ့အကြုံများသည့် အသင်းတစ်သင်းဖြစ်သည်။ ၁၁ နှစ်အတွင်း လိဂ်ဖလား ၁၀ လုံး ဆွတ်ခူးနိုင်ခဲ့သည့် အသင်းဖြစ်၍ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ခက်ခဲစွာ ကစားရဖွယ်ရှိသည်။

ရိုးမား-ရီးရဲမက်ဒရစ်

ထိုနေ့က စီးရီးအေအသင်း ရိုးမားသည် လာလီဂါချန်ပီယံ ရီးရဲမက်ဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ရီးရဲတို့ ပွဲအစတွင် ဖွင့်ဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သော်လည်း အိမ်ကွင်းအားသာသော ရိုးမားတို့၏ တန်ပြန်တိုက်စစ်ကြောင့် နှစ်ဂိုးပြန်အသွင်းခံလိုက်ရသည်။ ရိုးမားအသင်းအတွက် အနိုင်ဂိုးများကို ပီဇာရိုနှင့် မန်စီနီတို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။

ရှော်လ်ကေး-ပေါ်တို

ဘွန်ဒက်စ်လီဂါအသင်း ရှော်လ်ကေးနှင့် ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ပွဲအစ လေးမိနစ်အကြာမှာပင် ကီဗင်ကူရန်ညီ၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ရှော်လ်ကေးတို့ အနိုင်ရလိုက်သည်။ ။ **(အင်တာနက်)**

မြင့်မောင်စိုးရေးသည်

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

- မန်ယူအသင်းသည် ပေါင် ၁၅သန်းတန် စပို့တင်းလစ္စဘွန်းခံစစ်မှူး ဗီဂူယယ်ဗီလိုဆိုကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- **ပို့စ်မောက်နည်းပြ ဟာရီရက်နက်ပ်သည် ခရစ္စတယ်ပဲလေ့စ် ဘယ်နောက်ခံလူ လီပေးလ်ကိုခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ပေးလ်က ပြောင်းရွှေ့မည်မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။**
- ဆန်းဒါးလန်းအသင်းသည် ဆောက်သမ်ပတန်အသင်းမှ အင်ဒရူးဆာမန်ကို လာမည့်နွေရာသီတွင် ခေါ်ယူရန်စီစဉ်နေသည်။
- **ချယ်လ်ဆီးအသင်းသည် အက်ဖ်စီဘော်နို ကွင်းလယ်ကစားသမား လူဘော့စ်ကာလူဒါကို စာချုပ်ချုပ်ဆိုခေါ်ယူရေးအတွက် စီအက်ကေ အေမော်စကိုအသင်းနှင့် အပြိုင်ကြိုးပမ်းလျက်ရှိသည်။**
- ဖူလ်ဟမ်ခံစစ်မှူး အိုင်အန်ပီယာစီကို ကိုဗင်ထရီအသင်းကခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- **မန်ယူကစားသမား နာနီကို လူချကစားခဲ့သော ဝီလ့်ဂါးလက်စ်ကို အရေးယူရန် ပျက်ကွက်ခဲ့သော အက်ဖ်အေကို နည်းပြဖာဂူဆန်က ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။**
- အဲဗာတန်အသင်းသည် ကွင်းလယ်ကစားသမား လီကာစလေနှင့် စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုရန် ဆွေးနွေးနေသည်။
- **ရက်ဒင်းအသင်းသည် အသင်းအဆင့်အချခံရမည့်အရေးကြောင့် ၎င်းတို့၏ အားကစားကွင်း တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။**

ရှေ့ဖုံးမှ

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဆက်စပ်သမျှ အသင်းအဖွဲ့များနှင့် ဝန်ထမ်းများပါဝင်သည့် အဖွဲ့ပေါင်း ၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ကြသည်။

ဖူးမြော်ကြည်ညို

ဒဂုံမြို့နယ် မဟာဝိဇယ စေတီတော်မြတ်ကြီး၏ (၂၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲကို ညနေ ၄နာရီခွဲတွင် ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်လှရွှေဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းကျော်တို့က ဗုဒ္ဓပူဇနိယပွဲတော်နှင့်ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး၊ ဇနီးနှင့်ဧည့်သည်များသည် ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကန်တော့ကြသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့်ဧည့်သည်တော်များသည် ပြိုင်ပွဲဝင် ၂၆သင်းတို့၏ ထမနဲထိုး ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်၌ တည်ထားကိုးကွယ်သည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏သတ္တမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၏ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် နှမ်းမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီတွင် အဆိုပါ ရုပ်ပွားတော်မြတ်ကြီး၏ မြောက်ဘက်စောင်းတန်းမုခ်ဦးအနီး၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆုများချီးမြှင့်

ထို့နောက် ပြိုင်ပွဲများအပြီး ဆုချီးမြှင့်ပွဲကိုကျင်းပရာ တာဝန်ရှိသူများက နှစ်သိမ့်ဆုရရှိကြသော မြို့နယ်များနှင့် တတိယဆုရ တိုက်ကြီးမြို့နယ်နှင့် ဒုတိယဆုရ လှည်းကူးမြို့နယ် တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ပထမဆုရရှိသည့် မင်္ဂလာဒုံမြို့နယ်အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ရွှေဘုန်းပွင့် စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ အလှူရှင်များ၏ စုပေါင်း လှူဒါန်းငွေဖြင့် (၁၁)ကြိမ်မြောက် နှမ်းမနဲ စုပေါင်းစတုဒိသာ အလှူပွဲတော်ကို မွန်းလွဲပိုင်းတွင် ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ နှမ်းမနဲ လေးပြည်ဒယ်ကြီး ၁၈၅ဒယ်တို့ဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများအား စတုဒိသာကျွေးမွေး အလှူဒါနပြုကြသည်။

လှူဒါန်းပူဇော်

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ ဒုတိယအကြိမ်မြောက် ထမနဲလှူဒါန်းပွဲနှင့် နေလနံ့သာမွှေးထုံ ဆီမီးခြုံ စုပေါင်းလှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ညနေ၄နာရီတွင် အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပရာ မိုးကောင်းဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်းက အမှာစကားပြောကြား၍ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးက ဒုတိယအကြိမ်မြောက် ထမနဲလှူဒါန်းပွဲနှင့် နေလနံ့သာမွှေးထုံဆီမီးခြုံစုပေါင်းလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စေတီတော်နှင့် ဘုရားကိုးဆူအား နေလနံ့သာမွှေးထုံ ဆီမီးခြုံစုပေါင်း လှူဒါန်းပူဇော်ကြကာ ထမနဲထိုးပွဲကို ကျင်းပသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၀၈

(ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"သြဝါဒပါတိမောက် အခါသမယနေ့" တရားတော် [အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသ ရွှေလင်းယုန်ဆရာတော်]
၈း၀၀ - ၂း၀၀	နိဗ္ဗာန်ဆီသို့ ...... အမေးအဖြေများ
၈း၂၅ - ၂း၂၅	အဝိဇ္ဇာအမှောင်ခွင်း ဉာဏ်အလင်းထွန်းပေါ် မြတ်ဓမ္မတရားဂုဏ်တော် (ဣန္ဒာဆွေရေးဖွဲ့ပူဇော်သည်)
၈း၄၀ - ၂း၄၀	ပြည်တွင်းအနုပညာရေးရာ
၉း၀၅ - ၃း၀၅	ကံ့ရာသီထမနဲပွဲ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	သွားမယ် စားမယ် (Western Park Restaurant)
၉း၅၀ - ၃း၅၀	နိုင်ငံတကာ သတင်းအကျဉ်း
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	ရန်ကင်းမြို့ ကျက်သရေဆောင် မိုးကောင်းဆုတောင်းပြည့် စေတီတော်မြတ်ကြီး
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	မြန်မာ့သနပ်ခါး
၁၀း၅၀ - ၄း၅၀	ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး (ဒါရိုက်တာ-ကြည်စိုးထွန်း)
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	ကာကွယ်ကယ်ဆယ် မီးဘေးအန္တရာယ်(အပိုင်း-၁)
၁၁း၃၅ - ၅း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	ဓမ္မဝါဒီ ငွေရတုဂုဏာပူဇာ နှင့် ပူးတွဲဂုဏ်ပြု
၁၂း၀၀ - ၆း၀၀	လှပသစ်ဆန်း အလှပြင်ခန်း (FUJIKO Beauty Center)
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	နိဗ္ဗာန်သို့ရည်မှန်း ကုသိုလ်ယူမြတ်သောအလှူ
၁၂း၃၅ - ၆း၃၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မဟာရွှေမြင့်မိုရ် စူဠာမဏိဓာတ်ပေါင်းစုစေတီ ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ ရတနာမာရ်အောင်တောရ ကမ္မဋ္ဌာန်း အလင်းပြတိုက်တော်ကြီး၏ဦးစီးပဓာန မဟာနာယက ဖြစ်တော်မူသော ကျေးဇူးတော်ရှင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ ဝိဇ္ဇာဗလ ကမ္ဘာ့ရွှေရင်အေးဆရာတော်ကြီး ဦးစီးကျင်းပတော်မူသော မဟာရွှေမြင့်မိုရ်စူဠာမဏိဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး၏ အဋ္ဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်မှ ၅ရက်(ဖေဖော်ဝါရီ ၂၃ရက်မှ ၂၆ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ၁၃၆၉ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက်(ဖေဖော်ဝါရီ ၂၇ရက်)နံနက်တွင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပြီး နံနက်၈နာရီတွင် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကြီးကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရေခံမြေခံကောင်းများဆိုင်ရာ ဆွေးနွေးဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ အသိပညာပေး စီးပွားရေး၊စီမံခန့်ခွဲရေးစသည့် ဘာသာရပ်ဆိုင်ရာဟောပြောပွဲများ စနေတစ်ပတ်ခြား ပုံမှန်ကျင်းပလျက်ရှိသည်။ ယခုအခါ အကြိမ်(၅၀)မြောက် အထူးအစီအစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို ဖေဖော်ဝါရီ၂၃ရက် မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမတွင် ပြည့်ဖြိုးကျော်ကုမ္ပဏီ၏ကူညီပံ့ပိုးမှုဖြင့် ကျင်းပမည် ဖြစ်သည်။

အခမဲ့တက်ရောက်နိုင်

အထူးအစီအစဉ် ဆွေးနွေးဟောပြောပွဲတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရေခံမြေခံကောင်းဆိုင်ရာ (State, Institutions and Economic Development Forum) ဘာသာရပ်ဟောပြောဆွေးနွေးမှုများကို ပညာရှင်များနှင့် သုတေသီများဖြစ်ကြသည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်သန်း(ငါးလုပ်ငန်းဦးစီး)၊ စာရေးဆရာ (ဦး)ကျော်ဝင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကထိက(အငြိမ်းစား) ဦးစောမြင့်မောင်တို့က ဆွေးနွေး ဟောပြောကြပြီး အနှစ်ချုပ်ကို ဒေါက်တာနေဝင်းမောင်(Living Colour)က ထုတ်နုတ်ဆွေးနွေးမည်ဖြစ်ရာ စိတ်ဝင်စားသူတိုင်း တက်ရောက်နိုင်သည်။ **(က-ပ)**

ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီလ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ၂၄ရက်(တနင်္ဂနွေနေ့) နံနက် ၆နာရီခွဲတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း ကိုးမိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေမြင်းဝန်စေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင်မွမ်းမံရေး အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ကရင်ပြည်နယ် မြဝတီမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ သတ္တမအကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေးနှင့် ဘက်စုံပြုပြင်မွမ်းမံရေးအတွက် ပထမအကြိမ်အလှူတော်ငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ရက် ညနေ၃နာရီက ရွှေမြင်းဝန်သာသနာ့ဗိမာန်၌ကျင်းပရာ သြဝါဒစရိယဆရာတော်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ အလှူရှင်များတက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ် သံဃမဟာနာယကဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇောတိပါလထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်က သာသနာရေးဆိုင်ရာများလျှောက်ထားကာ အလှူရှင်များ၏လှူဒါန်းငွေများကို တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

လှူဒါန်းငွေ

အလှူငွေပေးအပ်ပွဲတွင် ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကျပ်၁၀သိန်း၊ ဦးငွေရ-ဒေါ်ပန်းကြည်မိသားစုကကျပ်၁၀သိန်းအပါအဝင် အလှူရှင်များ၏လှူဒါန်းငွေကျပ် ၁၁၅သိန်း ကျော်ရရှိခဲ့ကြောင်း သိရသည်။ **(က-ပ)**

ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Abu Roshde Rokonuddawla သည် စီးပွားရေးသံမှူး Mr. Md. Aftabuzza man လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး အဆောက်အအုံသို့သွားရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးထွန်းအောင်တို့အား တွေ့ဆုံဆွေးနွေးသည်။ **(အပေါ်ပုံ)**

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ကုန်သွယ်မှုပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စ၊ နှစ်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချင်း ပိုမိုပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုပြုနိုင်ရေးကိစ္စ၊ ကုန်ပစ္စည်းပြပွဲများ ပူးပေါင်းကျင်းပရေးနှင့် အပြန်အလှန်ပါဝင်ပြသမှုပြုရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ် တာခွအခြေခံပညာအလယ်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၃ရက်က သီရိမင်္ဂလာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအောင်က သူငယ်တန်းမှ ပဉ္စမတန်းအထိ ခြောက်နှစ်ဆက်တိုက် ပထမရရှိသော ဆဋ္ဌမတန်းမှ မောင်သူရစစ်နိုင်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(က-ပ)

အဲပုဂံလေယာဉ် ပြေးလမ်းကျော်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အဲပုဂံလေကြောင်းလိုင်းမှ ATR - 72လေယာဉ်တစ်စင်းသည် ယမန်နေ့ ညနေ ၃နာရီ ၁၅မိနစ်ခန့်တွင် ကချင်ပြည်နယ် ပူတာအိုမြို့မှ မြစ်ကြီးနားမြို့သို့ ပျံသန်းရန်ထွက်ခွာစဉ် လေယာဉ်ပြေးလမ်းမှ ပေ ၃၀၀ ကျော် အရှိန်လွန်သွားခဲ့သည်။

ယင်းဖြစ်ပွားမှုကြောင့် ခရီးသည်တစ်ဦးနှင့် တွဲဖက်လေယာဉ်မှူး တစ်ဦးတို့ အနည်းငယ် ဒဏ်ရာရရှိသွားကြောင်းနှင့် အဆိုပါနေရာသို့ ဒေသဆိုင်ရာနှင့် Air Bagan Ltd. မှ တာဝန်ရှိသူများသွားရောက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်ဖောင်ပိတ်သတင်း

အတ္တလန္တစ်ယာဉ် မြေပြင်သို့ပြန်လည်ဆင်းသက်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ဖေဖော်ဝါရီ၇ရက်က စေလွှတ်ခဲ့သော အတ္တလန္တစ်အာကာသလွန်းပြန်ယာဉ်သည် ၁၃ရက်ကြာ ခရီးစဉ်ပြီးဆုံးပြီးနောက် အမေရိကန်နိုင်ငံ ကနေဒီအာကာသယာဉ်စခန်းသို့ ဖေဖော်ဝါရီ ၂၀ရက် ဂရင်းနစ်စံတော်ချိန် ၁၄ နာရီ ၇မိနစ်၌ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါအတ္တလန္တစ်အာကာသယာဉ်သည် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ စားနပ်ရိက္ခာ ၁၂ဒသမ၈တန် သယ်ဆောင်သွားပြီး အာကာသယာဉ်မှူးများက နိုင်ငံတကာအာကာသယာဉ်စခန်းမှ ပျက်စီးနေသော အစိတ်အပိုင်းများကို ပြင်ဆင်ပေးခဲ့သည်။

အင်ဒိုနီးရှား၌အင်အားပြင်းငလျင်လှုပ် သုံးဦးသေဆုံး၊ ၂၅ဦးဒဏ်ရာရ

ဂျကာတာ ဖေဖော်ဝါရီ ၂၀

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်အနောက်ပိုင်း ဆူမားတြားကမ်းလွန်တွင် ဖေဖော်ဝါရီ ၂၀ ရက် ဒေသစံတော်ချိန် ညနေ ၃နာရီ ၈မိနစ်က အင်အားရစ်ချ်တာစကေး ၇ ဒသမ ၅ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း အင်ဒိုနီးရှား မိုးလေဝသနှင့်ဇလဗေဒအရာရှိများက ပြောကြားသည်။

အဆိုပါငလျင်လှုပ်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ စီမီလူကျွန်း၌ သုံးဦးသေဆုံးပြီး ၂၅ ဦး ဒဏ်ရာရရှိကာ လူနေအဆောက်အအုံအများအပြား ပျက်စီးခဲ့သည်။ ဆူနာမီသတိပေးချက်ထုတ်ပြန်ထားသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေးကဏ္ဍ (၄)

ပါမောက္ခ ဒေါက်တာပိုင်စိုး

ယနေ့မျက်မှောက်ခေတ် ကမ္ဘာလောကကြီးတွင် ယခင်က မဖြစ်ဖူးသေးသော ရောဂါထူး၊ ရောဂါဆန်းများ ပေါ်ထွန်းနေပါသည်။ ပတ်ဝန်းကျင် လေထု၊ ရေထု ညစ်ညမ်းမှုကြောင့်လည်းကောင်း၊ ဓာတုဗေဒပစ္စည်းများ အလွန်အကျွံသုံးစွဲမှုကြောင့် လည်းကောင်း လူသားများတွင် ကျန်းမာရေးနှင့် သက်ဆိုင်သော အန္တရာယ်များ တွေ့ကြုံနေရပါသည်။ ဤကဲ့သို့ ဖြစ်ပွားနေသော ရောဂါထူး၊ ရောဂါဆန်းများ၊ ပတ်ဝန်းကျင် အန္တရာယ်များအား ကာကွယ်ကုသရန် အတွက် လိုအပ်နေပါသည်။ ယခင်က မဖြစ်ဖူး၊ မတွေ့ကြုံဖူးသေးသော အသစ်အဆန်းများဖြစ်သဖြင့် ထိရောက်သော ကာကွယ်ကုသမှုပြုလုပ်ရန်အတွက် အခက်အခဲများဖြစ်ပေါ်နေသည်။ ယင်းတို့ကိုကျော်လွှားပြီး စံပြုကာကွယ်ကုသမှုများ ပြုလုပ်နိုင်ရန်အတွက် လေ့လာသုတေသနပြုလုပ်မှုများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယခင်ကရှိပြီးသော ရောဂါများ၊ ပတ်ဝန်းကျင် အန္တရာယ်များကိုလည်း ပိုမိုထိရောက်သော ကာကွယ်ကုသမှုပေးရန်အတွက် အတွေ့အကြုံပေါ် မူတည်ပြီး လေ့လာသုတေသန ပြုလုပ်ရပါမည်။

ကျန်းမာရေးအတွက်သုတေသန

မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်ကျော်ကပင် ဆေးသုတေသနလုပ်ငန်းများအား ဦးစီးဌာနတစ်ခု ဖွဲ့စည်းပြီး ဆောင်ရွက်ခဲ့ပါသည်။ ခေတ်အဆက်ဆက် ရောဂါအထွေထွေအား သုတေသန ပြုလုပ်ခဲ့ရာတွင် အောင်မြင်တိုးတက်မှုများ၊ အတွေ့အကြုံများကို ရရှိခဲ့ပါသည်။ ဆေးသုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ဖြစ်ပေါ်နေသော ရောဂါများအား ထိရောက်သော ကာကွယ်ကုသမှုများပေးရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ အာဟာရဓာတ် ပြည့်ဝရေး၊ နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်ရေး၊ နည်းပညာတိုးတက်ရေး၊ ယုံကြည်အားထားရသော တိုင်းရင်းဆေးပညာ ထွန်းကားရေးဟူသော ရည်မှန်းချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ယုံကြည်အားထားရသော တိုင်းရင်းဆေးပညာထွန်းကားရေးအတွက် တိုင်းရင်းဆေး သုတေသန လုပ်ငန်းများကို အထူးပြုလုပ်ဆောင်စေခဲ့ပါသည်။

ယခုခေတ် တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်သည့်အတိုင်း ဆေးသုတေသနတိုးတက်ရေးအတွက် မှန်ကန်သော ယှဉ်ပြိုင်မှုဖြင့် ဖွံ့ဖြိုးမှုဖြစ်စေရန် ဆေးသုတေသန ဦးစီးဌာန အသစ်နှစ်ခုကို မြန်မာပြည်အထက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ဆေးသုတေသန လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါများအား သုတေသနပြုလုပ်ပြီး ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် ပညာပေးရေးတို့တွင် အထောက်အကူ ဖြစ်စေခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် အခြားရောဂါများကိုလည်း လျစ်လျူရှုမထားဘဲ သုတေသနများ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါသည် အဖြစ်အများဆုံး ရောဂါဖြစ်သဖြင့် ကျန်းမာရေးဆိုင်ရာ ပြဿနာမျိုးစုံနှင့် ရင်ဆိုင်နေရပါသည်။ ငှက်ဖျားရောဂါ ကူးစက်နှုန်း မြင့်မားခြင်း၊ ဆေးယဉ်ပါးမှုများခြင်း၊ ရောဂါပြင်းထန်မှုများခြင်း စသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် ဦးစားပေး ဆောင်ရွက်နေပါသည်။ ငှက်ဖျားပိုးအား ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဓာတ်ခွဲခန်းတွင် မွေးမြူနိုင်သည့်အဆင့်အထိ သုတေသန ပြုလုပ်ပြီး၊ ငှက်ဖျားဆေးများ၏အစွမ်းကို စမ်းသပ်ခြင်း၊ ငှက်ဖျားပိုး၏ ဆေးယဉ်ပါးမှုအား စမ်းသပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယခုအခါတွင် မော်လီကျူးဗေဒအဆင့်အထိ အသေးစိတ်ပြီး ငှက်ဖျားပိုးနှင့် ငှက်ဖျားပိုးကို သယ်ဆောင်သော ခြင်မျိုးစိတ်များကို လေ့လာနိုင်ခဲ့ပါသည်။ **ငှက်ဖျားရောဂါ သုတေသနတွင် နိုင်ငံတကာအဆင့်မီ ဆောင်ရွက်မှုများကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ငှက်ဖျားရောဂါ သုတေသနနှင့် လေ့ကျင့်ရေး ပူးပေါင်းဆောင်ရွက်မှုဌာနအဖြစ် (WHO Collaboration Center for Malaria Research and Training)အဖြစ် အသိအမှတ်ပြုခြင်းကို ခံခဲ့ရပါသည်။**

အလားတူပင် အခြားအဖြစ်များသော ရောဂါတစ်မျိုးဖြစ်သည့် တီဘီရောဂါကိုလည်း အထူးပြုသုတေသန ပြုလုပ်ပါသည်။ **တီဘီရောဂါတွင်လည်း ဆေးယဉ်ပါးမှုသည် အဓိကပြဿနာ ဖြစ်သဖြင့် ဆေးယဉ်ပါးမှုဖြစ်သော တီဘီရောဂါအား စမ်းသပ်နည်းနှင့် ကုသနည်းများအား အနောက်တိုင်း နည်းသာမက တိုင်းရင်းဆေးနည်းတို့ဖြင့် သုတေသန ပြုခဲ့ပါသည်။** တီဘီရောဂါတိုက်ဖျက်ရေးတွင် အဓိကကျသော စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကျန်းမာရေးစနစ် သုတေသနများကို ပြုလုပ်ခဲ့ပြီး ရောဂါကာကွယ်နှိမ်နင်းရေး စီမံချက်များ ရေးဆွဲရာတွင် များစွာ အထောက်အကူဖြစ်စေခဲ့ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် နိုင်ငံတိုင်း ရင်ဆိုင်ဖြေရှင်းနေရသော ခုခံအားကျ ကူးစက်ရောဂါဆိုးအား သုတေသနပြုရာတွင် ယင်းရောဂါဆိုး၌ ပျံ့နှံ့ခြင်းသည် လူမှုကိစ္စ အလေ့အကျင့်များနှင့် သက်ဆိုင်သဖြင့် လူမှုရေးပညာရပ်ဆိုင်ရာ သုတေသန နည်းပညာများကို အသုံးပြု၍ သုတေသနပြုခဲ့ပါသည်။ ယင်းတို့မှ ရလဒ်များကို ရောဂါကာကွယ်တားဆီးရေးနှင့် ပညာပေးမှုအပိုင်းများတွင် အသုံးချခဲ့ပါသည်။

အလားတူ ကူးစက်နှုန်းများသော အသည်းရောင် အသားဝါ ရောဂါများအား ကုသရန်အတွက် ရောဂါရှာဖွေနည်းစဉ်များ၊ ကုထုံးများ၊ ရောဂါကာကွယ်ရေး အတွက် ကာကွယ်ဆေးများကို သုတေသနပြု ထုတ်လုပ်နိုင်ခဲ့ပါသည်။ သွေးရည်ကြည်မှ ထုတ်လုပ်သော **အသည်းရောင် အသားဝါ ဘီရောဂါ ကာကွယ်ဆေးအား (၁၉၉၈)**ခုနှစ်တွင် ပြည်တွင်း၌ အောင်မြင်စွာ သုတေသနပြု ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၁၉၉၈ခုနှစ် အသည်းရောင် အသားဝါ (ဘီ) ရောဂါပိုးအား သုတေသနပြုပြီး သွေးရည်ကြည်မှ ကာကွယ်ဆေးအား ထုတ်လုပ်နိုင်ခဲ့ပါသည်။ ယင်း**ကာကွယ်ဆေးအား အမေရိကန်နိုင်ငံ နယူးယောက်မြို့ သွေးဌာနမှ ချင်ပန်စီ မျောက်များတွင် စမ်းသပ်ပြီး ကာကွယ်ဆေး၏ အာနိသင်ရှိမှုနှင့် အန္တရာယ် ကင်းရှင်းမှုကို အသိအမှတ် ပြုခဲ့ပါသည်။ မြန်မာ–ကိုရီးယား နှစ်နိုင်ငံ နိုင်ငံတော် အကြီးအကဲများ တွေ့ဆုံစဉ် သဘောတူညီချက်အရ ကိုရီးယားနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ ချေးငွေဖြင့် ကာကွယ်ဆေး စက်ရုံတစ်ခု တည်ထောင်ပြီး ၂၀၀၄ ခုနှစ်တွင် ဇီဇနည်းပညာဖြင့် အသည်းရောင် အသားဝါ (ဘီ)ပိုး ကာကွယ်ဆေးအား အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီးဖြစ်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာနသို့ နည်းပညာနှင့် စက်ရုံပါ လွှဲပြောင်းပေးအပ်ပြီး ဖြစ်ပါသည်။**

ကလေးများတွင်ဖြစ်သော သွေးလွန်တုပ်ကွေးနှင့် ပတ်သက်၍ ရောဂါပြင်းထန်မှုကို ပြသော အချက်အလက် လက္ခဏာများ၊ ရောဂါရှာဖွေ အတည်ပြုနည်းနှင့် ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ နည်းဗျူဟာများ၊ ရောဂါပိုးသယ်ဆောင်သောခြင်ကျား၏ လှုပ်ရှားကူးစက်မှု အခြေအနေနှင့်ဖယ်ရှားခြင်းတို့ကို လေ့လာသုတေသန ပြုပြီး ပြည်သူတို့အား ပညာပေးနိုင်ခဲ့ပါသည်။ သွေးလွန်တုပ်ကွေးသယ်ဆောင်သော ခြင်၏သားလောင်းများအား ဖယ်ရှားသောပိုက်ကွန်နှင့် ဖယ်ရှားနည်းစနစ်အား ပထမဦးစွာ သုတေသနပြုတီထွင်ပြီး ရောဂါနှိမ်နင်းရေး အတွက် အသုံးပြုနိုင်ခဲ့ပါသည်။

အခြားကူးစက်ရောဂါများဖြစ်သော အနာကြီးရောဂါ၊ ကပ်ပါးရောဂါများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများအား သုတေသနပြုလုပ်ခဲ့ပါသည်။

ကူးစက်ခြင်း မရှိသော်လည်း အဖြစ်များသော သွေးတိုးရောဂါ၊ဆီးချိုရောဂါ၊ မြွေကိုက်ရောဂါ၊အာဟာရချို့တဲ့မှုဆိုင်ရာ ရောဂါများ၊ သွေးရောဂါများ၊ ကင်ဆာရောဂါများအားလည်း သုတေသနပြုလုပ်ခဲ့ရာ ကုထုံးသစ်များ၊ ကာကွယ်နည်းလမ်းများ၊ ရောဂါရှာဖွေ အတည်ပြုနည်းများ၊ မြွေဆိပ်ဖြေဆေးများ ဖော်ထုတ်သိရှိခဲ့ရပါသည်။

မြွေကိုက်ရောဂါနှင့် ပတ်သက်၍ ရှေးဦးသူနာပြုစုနည်း၊ မြွေကိုက် အဆိပ်ပမာဏအား တိုင်းတာသည့်



အဆင့်မြင့် အဆိပ်ဓာတ်ခွဲခန်းကို တွေ့ရစဉ်။

နည်းစဉ်များ၊ မြွေဆိပ်ဖြေဆေးများ၏ အစွမ်းထက်မှု တိုင်းတာနည်းများ၊ သတ္တဝါအမျိုးမျိုးတို့၏ သွေးရည်ကြည်မှ မြွေဆိပ်ဖြေဆေးများ ထုတ်လုပ်ခြင်းတို့ သုတေသနပြု ဆောင်ရွက်နိုင်ခဲ့ပါသည်။

သွေးလိုအပ်သော လူနာများအတွက် သန့်စင်သော သွေးရရှိစေရန် ၂၀၀၂ခုနှစ်တွင် တည်ထောင်သော အမျိုးသား သွေးသုတေသနဌာနသည် **ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်နှင့် ပူးပေါင်း၍ သွေးမှကူးစက်နိုင်သော အသည်းရောင် အသားဝါ(ဘီ)ပိုးနှင့် (စီ)ပိုး စစ်ဆေးသည့်နည်းစဉ်များ သုတေသနပြုလုပ်ဆောင်ရွက်မှုကြောင့် အသည်းရောင် အသားဝါ(ဘီ)နှင့် (စီ) ရောဂါကူးစက်နှုန်းများမှာ လှူဒါန်းသော သွေးများတွင် (၁၀)နှင့်(၃)ရာခိုင်နှုန်းများမှ (၃ဒသမ၄)နှင့် (၁)ရာခိုင်နှုန်းများသို့ သိသာစွာ ကျဆင်းခဲ့ပါသည်။** ပူးပေါင်း သုတေသနများ၏ အခြားအောင်မြင်မှုများမှာ အသည်းရောင် အသားဝါရောဂါများအား တန်ဖိုးကြီးဆေးများဖြင့် ကုမည့်အစား ဈေးသက်သာသော သွေးထုတ်ကုသနည်း၊ အထူးရောစပ်ပြုလုပ်ထားသော သဘာဝ အစားအစာများဖြင့် ကုသနည်းများ ဖြစ်ပါသည်။

ပတ်ဝန်းကျင်ဆိုင်ရာ အဆိပ်အတောက်အန္တရာယ် ကင်းရှင်းရေးဓာတ်ခွဲခန်းများအား၂၀၀၃ ခုနှစ်တွင် စတင်တည်ထောင်ပြီး ဆောင်ရွက်ခဲ့ပါသည်။ အဆိပ်အတောက်များအား ထောက်လှမ်းသည့်စက်များနှင့် ဓာတ်ခွဲသည့် စက်များ တပ်ဆင်ထားသော အဆင့်မြင့် ဓာတ်ခွဲခန်းများအား တည်ထောင်ပြီး ပြည်သူလူထု အဆိပ်အတောက် အန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရွက်လုပ်ကိုင်လျက်ရှိပါသည်။ အထူးသဖြင့် ယခုအချိန် ဆေးဝါးများအား လွဲမှားစွာ သုံးစွဲသဖြင့် အဆိပ်သင့်မှုများကို နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသဖြင့် အချိန်နှင့်တစ်ပြေးညီ ချက်ချင်းဓာတ်ခွဲပြီး အမျိုးအစားနှင့် ကုသမှုအတွက် လိုအပ်သော အထောက်အကူများအား ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ပြည်သူလူထုမှ သိလိုသော မေးမြန်းလာသည့် အဆိပ်သင့်မှုဆိုင်ရာကိစ္စများအား ပြန်ကြားအသိပညာပေးမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

သုတေသနများကို နှစ်ရှည်ကြာစွာ ပြုလုပ်လာသည်နှင့်အမျှ သုတေသန နည်းပညာရပ်များတွင်လည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ရာ ယခင်က သုတေသနကို ကလာပ်စည်း(ဆဲလ်)အဆင့်ထိသာ ဆောင်ရွက်နိုင်သော်လည်း ယခုအခါ မော်လီကျူးအဆင့်အထိ အသေးစိတ် ဆောင်ရွက်နိုင်နေပြီဖြစ်ပါသည်။ ယနေ့ခေတ် ရောဂါများသည် ရုတ်ခြည်းဖြစ်ပေါ်ပြီး ရောဂါပြင်းထန်မှုနှုန်း မြန်ဆန်၍ အချိန်တို တစ်ခဏအတွင်း ရောဂါအား စမ်းသပ်ဖော်ထုတ် အတည်ပြုရန် (Rapid Diagnosis tests)များ လိုလာပါသည်။ **မော်လီကျူးနည်းပညာကို အသုံးပြုပြီး အသည်းရောင် အသားဝါ(ဘီ)ရောဂါ၊ တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ လည်ပင်းကြီးရောဂါ၊ မြွေကိုက်ရောဂါ အစရှိသော ရောဂါများအား ချက်ချင်းရှာဖွေ အတည်ပြုနိုင်သော ရောဂါရှာဖွေ စမ်းသပ်နည်းစဉ်များကို သုတေသနပြု ဆောင်ရွက်ဖော်ထုတ်နိုင်ခဲ့ပါသည်။**

သုတေသနများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ သုတေသန နည်းပညာရပ်များလည်း ဖြစ်ထွန်းတိုးတက်လာပြီး အရည်အချင်းပြည့်ဝသော သုတေသီများအားလည်း မွေးထုတ်နိုင်ခဲ့ပါသည်။ ကျွမ်းကျင်သော သုတေသီများအား ယင်းတို့၏ သုတေသနပြုလုပ်တွေ့ရှိချက်များကို အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ဆေးတက္ကသိုလ်များမှ ဘွဲ့များ၊ ဆုများ ချီးမြှင့်ခြင်းကို ခံခဲ့ရပါသည်။ **မကြာသေးမီအချိန်က ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ သုတေသီပညာရှင်တစ်ဦးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ချီးမြှင့်သော လူမှုဆေးပညာရပ်ဆိုင်ရာ အထင်ကရ လီယွန်ဘားနဒ်ဆုအား လက်ခံရရှိခဲ့ပါသည်။**

ဆေးသုတေသနဦးစီးဌာနများမှ သုတေသနပြုလုပ်ရရှိသော သုတေသနတွေ့ရှိချက် ရလဒ်များအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဖြစ်သော ရောဂါကာကွယ်ရေး၊ ကုသရေး၊ ပညာပေးရေးလုပ်ငန်းများ စီမံချက်များ ရေးဆွဲရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် နည်းပညာများအား သက်ဆိုင်ရာဌာနများသို့ လွှဲအပ်ပေးပြီး တစ်ချိန်တည်းမှာပင် ပြည်သူလူထု သိသင့်သော အချက်အလက်များအား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ **အဖြစ်များသော ရောဂါကြီးခြောက်မျိုးကို ယုံကြည်အားထားရသော တိုင်းရင်းဆေးဖြင့် ပြည်သူအများ လွယ်လင့်တကူ အဖိုးနှုန်းချိုသာစွာနှင့် ကုသနိုင်ရန် တိုင်းရင်းဆေးများကို သုတေသနပြုစေခဲ့ရာ ယခုအခါတွင် ရောဂါကြီးခြောက်မျိုးအတွက် အားထားရသော တိုင်းရင်းဆေးများ သိပ္ပံနည်းကျ ဖော်ထုတ်နိုင်ပြီးဖြစ်၍ ပြည်သူအများ လွယ်လင့်တကူ သုံးစွဲနိုင်ရန် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့သို့ နည်းပညာ လွှဲပြောင်းပေး၍ ဆေးစစ်ဆေးမှန်များ ထုတ်လုပ်နေပြီဖြစ်ပါသည်။** ။

အထက(၅)တာမွေ ကျောင်းသားဟောင်းများ နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အထက(၅) တာမွေ (ယခင် စိန့်ဖရန့်စစ် ယောက်ျားလေးကျောင်း)တွင် ၁၉၅၈ခုနှစ်မှ ၁၉၈၀ပြည့်နှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို မတ်၂၉ရက် (စနေနေ့)နံနက်၉နာရီမှ မွန်းတည့်၁၂နာရီအထိ အထက(၅) တာမွေကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးကျင်သောင်း ဖုန်း-၅၄၄၂၂၃၊ ဦးကျော်ဟန် ဖုန်း-၅၅၄၆၅၈၊ ဦးသန်းဌေး ဖုန်း-၀၉-၅၁-၄၇၁၉၄ (မော်ဒန်လက်ဖက်ရည်ဆိုင်)၊ ဦးမြတ်မင်း ဖုန်း-၅၅၆၂၆၈၊ ၀၉-၈၀-၂၂၇၉၁၊ ဦးမြင့်သိန်း ဖုန်း-၆၅၁၅၉၃၊ ၀၉-၅၁-၅၁၁၇၉၊ ဦးအောင်ချစ် ဖုန်း-၅၅၃၇၉၈၊ ဦးမြင့်သိန်း (ဓာတ်ပုံ) ဖုန်း-၅၄၀၇၅၈ နှင့် ဦးတိုးလင်း ဖုန်း-၅၆၅၁၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မှော်ဘီ လက်ပံတန်းစုရွာ ကြည်အေးကျောင်း သာသနိကအဆောက်အအုံများ ရေစက်ချမင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ ကြည်အေးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး အတွင်း၌ ဆောက်လုပ်ပြီးစီးလျက်ရှိသော သိမ်၊ ကျောင်း၊ ဆွမ်းစားကျောင်း၊ ယောဂီဆောင်များနှင့် မုခ်ဦးအပါအဝင် သာသနိကအဆောက်အအုံများကို မတ်၁၅ရက်မှ ၂၁ရက်အထိ စတုဒိသာကျွေးမွေး၍ (တပေါင်းလပြည့်) မတ်၂၁ရက် (သောကြာနေ့)တွင် ရေစက်ချမင်္ဂလာ အခမ်းအနား ကျင်းပမည်ဖြစ်ရာ အလှူရှင်ဒါယကာ ဒါယိကာမအားလုံး ကြွရောက်ကြည်ညိုကုသိုလ်သဒ္ဓါပွားများ ကြပါရန်နှင့် ဖုန်း-၀၉-၅၀-၁၁၅၁၄၊ ၀၉-၅၁-၀၅၀၅၉နှင့် ၇၀၅၇၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း မှုခင်းသတင်းများ

မီးစက်နှိုးပြီး ဝရိန်ဆော်ရာမှ မီးလောင်မှု စိုးစံစက်ဘီးကိုယ်ထည်စက်ရုံတွင်ဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မီးစက်နှိုးပြီး ဝရိန်ဆော်ရာမှ ဝရိန်အိုးဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှု ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ဖေဖော်ဝါရီ၁၈ရက်က ဖြစ်ပွားသည်။ ဖြစ်ပွားပုံမှာ ဦးဇော်မင်းဦး (၃၄နှစ်) ၁၀၈လမ်း တောင်ဥက္ကလာပ(၁၄)ရပ်ကွက် မင်္ဂလာတောင်ညွန့် မြို့နယ်နေသူပိုင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်(၂) (၈၉)ရပ်ကွက် ယောအတွင်းဝန်ဦးဖိုးလှိုင်လမ်း စိုးစံစက်ဘီးကိုယ်ထည်ပစ္စည်း စက်ရုံတွင် ဖေဖော်ဝါရီ၁၈ရက် ညနေ၄နာရီခွဲခန့်က မီးစက်နှိုးပြီး ဝရိန်ဆော်ရာမှ ဝရိန်အိုးဝိုင်ယာရှော့ခ်ဖြစ်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ်လေးစီး၊ အုပ်ချုပ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်နှစ်စီးနှင့် စက်ရုံဝန်ထမ်းများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ၅နာရီတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် စက်ရုံအနောက်ဘက်အဖီနှင့် စက်ရုံအတွင်းရှိ ပစ္စည်းအချို့မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဇော်မင်းဦးအား ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၂၈၅ အရ အမှုဖွင့်အရေးယူထားကြောင်းသိရသည်။ (သတင်းစဉ်)

မြန်မာဗီဒီယိုဇာတ်ကား စတစ်ကာအတုကပ်၍ ရောင်းချသူဖမ်းဆီး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ကျောက်တံတားမြို့နယ် ရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ဗီဒီယိုအခြေခံအဖွဲ့မှ တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၈ရက် မွန်းလွဲ ၁၂နာရီခွဲခန့်က ၃၅လမ်း လပ်ကီးဆဲဗင်း ဗီဒီယိုထုတ်လုပ်ရေးမှ မန်နေဂျာ ဦးတင်ထွန်းဝင်း၏ မြန်မာဗီဒီယိုဇာတ်ကားအား စတစ်ကာအတုကပ်၍ ရောင်းချနေကြောင်း တိုင်ကြားချက်အရ မဟာဗန္ဓုလပန်းခြံလမ်းရှိ မစ္စတာဘရောင်း လက်ဖက်ရည်ဆိုင်သို့ သွားရောက်၍ ဖမ်းဆီးရာ မျိုးသူ(၂၄နှစ်) (ဘ)ဦးမျိုးမြင့် ရန်ကင်းလမ်းမကြီး(၁)ရပ်ကွက် ရန်ကင်းမြို့နယ်နေသူအား သက်သေခံပစ္စည်းများနှင့်တကွ ဖမ်းဆီးရမိခဲ့သည်။ ၎င်းသည် လပ်ကီးဆဲဗင်း ဗီဒီယိုထုတ်လုပ်ရေးမှ ဆင်ဆာအမှတ် ၁၁၄၇/၀၇၊ ၁၂-၁၂-၂၀၀၇ ရက်စွဲဖြင့်ဖြန့်ချိသည့် မပြောလိုက်ရဘူး ဗီဒီယိုဇာတ်ကားအား တရားမဝင်ခိုးကူး၍ စတစ်ကာအတုများကပ်ကာ ရောင်းချခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးသူအား ကျောက်တံတားရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀/၄၆၈ နှင့် မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂(ခ)တို့ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့ယဉ်ကျေးမှုသဘာဝအလှများ ဖော်ကျူးခြယ်မှုန်းထားသည့် ပန်းချီနှင့်ကျွန်တော် ပန်းချီပြပွဲ

ပန်းချီအနုပညာသတင်း – မိုးမြင့်လင်းလက်
ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု – ထိန်လင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပန်းချီတန်ဖိုး၊ သိရနိုးဟု
လက်ချိုးရေတွက်၊ သိရခက်သည်
ရွှေလက်သာကျိုး၊ တန်ဖိုးမသိ
ဖြစ်ရဘိ၏ ...

ဆိုတဲ့ ကဗျာလိုပါပဲ တန်ဖိုးချင့်တွက်လို့ ခက်ခဲလှတဲ့ ပန်းချီကားတွေချည်း ခင်းကျင်းပြသထားတဲ့ ပန်းချီဆရာကြီး သုခုမဦးအုံးခင်ရဲ့ "ပန်းချီနှင့်ကျွန်တော်"လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်း မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို)ပြခန်းမှာ ဖေဖော်ဝါရီ ၁၉ ရက် မှ ၂၆ ရက်အထိ ခင်းကျင်းပြသလျက် ရှိပါတယ်။

ဒီပွဲမှာ အသက် (၇၄) နှစ်ရှိပြီဖြစ်တဲ့ ပန်းချီဆရာကြီး သုခုမဦးအုံးခင်ရဲ့ ဆီဆေးပန်းချီကား ၃၇ကားကို ခင်းကျင်းပြသထားပြီး ပန်းချီကားတိုင်းဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်မှာ အထိုင်ကျကျတည်ရှိခဲ့တဲ့ ရုပ်ပုံလွှာ မြင်ကွင်းတွေချည်းပဲဖြစ်တာမို့ ပန်းချီကားတိုင်းဟာ တည်ငြိမ်ခံ့ထည်နေပါတယ်။

ကိန္နရီဒေဝီ၏အလှ

"နဂါးမင်းသမီး"**ဟု အမည်ပေး ထား သော ကိန္နရီဒေဝီ၏ အလှကို လည်း ဤသို့ ပေါ်ပေါ် လွှင်လွှင် ခြယ်မှုန်းထားသည်။**

ပန်းချီပြပွဲမှာ ခင်းကျင်း ပြသထားတဲ့ ပန်းချီကား အားလုံးဟာ မြန်မာ့ကျက်သရေကို ဖော်ကျူးထားနိုင်သလို မြန်မာ့သဘာဝအလှတွေကို ပန်းချီပညာ အဆင့်အတန်း မြင့်မြင့်နဲ့ ခြယ်မှုန်း ထားတာမို့ တကယ့်ကို လေ့လာကြည့်ရှုသင့်တဲ့ ပန်းချီပြပွဲ တစ်ခုဖြစ်။

"မြန်မာတို့ရဲ့ ဝတ်စားဆင်ယင်မှုနဲ့ မြန်မာ့ဟန်ကို ပြချင်လို့ပါ"
ပန်းချီဆရာကြီး သုခုမ ဦးအုံးခင်

ဒီလို မြန်မာ့ယဉ်ကျေးမှုဂုဏ်ကို ဖော်ညွှန်းပြနေတဲ့ ပန်းချီကားတွေထဲမှာမှ **"တော်ဝင်မိသားစု"**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကို လေ့လာတဲ့အခါ ရှေးခေတ် နန်းဆန်တဲ့ မိသားစုတစ်စုရဲ့ မြန်မာ့ကျောက်မျက်တွေကို ကြည့်ရှုနေကြတဲ့ပုံ ဖြစ်ပါတယ်။ ဒီပန်းချီကား ရေးဆွဲရမှုနဲ့ ပတ်သက်ပြီး ပန်းချီဆရာကြီး ဦးအုံးခင်က **"မြန်မာတွေရဲ့ဓလေ့၊ ဝတ်စား ဆင်ယင်မှုနဲ့ မြန်မာ့ဟန်တွေကို ပြချင်လို့ ရေးဆွဲထားတာပါ"**လို့ ရှင်းပြပါတယ်။ ဒီပန်းချီကားမှာ အရောင်တွေရဲ့ ပေါင်းစပ်မှု၊ အလင်းအမှောင်တွေရဲ့ မျှတမှု၊ တစ်ဦးချင်း ဟန်အမူအရာ ကွဲပြားမှုတွေကြောင့် ပန်းချီကားဟာ သဘာဝကျပြီး ခံ့ခံ့ထည်ထည်ရှိနေတဲ့ ပန်းချီကားတစ်ချပ်အဖြစ် မြင်တွေ့ရပါတယ်။

နန်းဆန်တဲ့ အဝတ်အစားတွေနဲ့ "တော်ဝင်မိသားစု"**အမည်ရှိ ပန်းချီကားကလည်း မြန်မာ့ဟန်အပြည့်။**

နောက်ထပ် စိတ်ဝင်စားဖို့ကောင်းတဲ့ ပန်းချီကား တစ်ချပ်ကတော့ **"ကျေးရွာအလှ"**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားပါပဲ။ မှန်ပြည်နယ်ဘက်က ကျေးရွာတစ်ရွာရဲ့ မြင်ကွင်းအလှကို သဘာဝကျကျ ရေးဆွဲထားတာဖြစ်ပြီး သစ်ပင်စိမ်းစိမ်းနဲ့ တဲအိမ်တွေအပေါ် ညနေဆည်းဆာရောင် ကျရောက်နေပုံ၊ ရေတွင်းမှာ ရေငင်နေကြသူတွေရဲ့ မြင်ကွင်းကို စိတ်အေးချမ်းစွာ ခံစားလို့ရအောင် ရေးဆွဲထားတဲ့ ပန်းချီကား ဖြစ်ပါတယ်။

ကျေးရွာအလှ

"ကျေးရွာအလှ" **အမည်ရှိ ဆီဆေး ပန်းချီကားက တစ်မျိုး တစ်ဘာသာ ...**

"ပတ္တမြား"လို့အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားက ဝိဓူရဇာတ်မှာပါတဲ့ ဇာတ်ဝင်ခန်း တစ်ခန်းဖြစ်ပါတယ်။ ဘုရင်နဲ့ကြွေအန်ကစားဖို့ ပတ္တမြားလာပြတဲ့ ပုဏ္ဏကအမူအရာ၊ ဘုရင်ရဲ့ အနေအထား၊ ဝိဓူရအမတ်ကြီးတို့ရဲ့ ကိုယ်နေဟန်တွေကို အံဝင်ခွင်ကျဖြစ်အောင် ပေါင်းစပ်ထားပုံ၊ ပတ္တမြားရဲ့ အရောင်တွေက ပုဏ္ဏကဘီလူးနဲ့ ဘုရင်တို့အပေါ် ရိုက်ခတ်နေပုံက ဒီပန်းချီကားရဲ့ အဓိကအားပါပဲ။ ရေတကောင်း၊ ဆွမ်းအုပ်နဲ့ ဟင်္သာကွမ်းအစ်တွေကအစ အနုစိတ် ဖော်ညွှန်းထားတာမို့ ဘုရင်၊ ဝိဓူရအမတ်နဲ့ပုဏ္ဏကတို့ရဲ့ ရုပ်ပုံတွေဟာ သက်ဝင် လှုပ်ရှားနေပါတယ်။

"ပတ္တမြား" **ဟု အမည်ပေးထားသည့် ပန်းချီကားမှ ဘုရင်၊ ဝိဓူရအမတ်နှင့် ပုဏ္ဏကဘီလူးတို့၏ အသွင်အပြင်ကလည်း ပီပီပြင်ပြင်။**

ဒါ့အပြင် **"နဂါးမင်းသမီး"**လို့ အမည်ပေးထားတဲ့ ဆီဆေးပန်းချီကားကလည်း ထူးခြားနေပါတယ်။ ပုဏ္ဏကဘီလူးရဲ့ ချစ်သူ ကိန္နရီဒေဝီရဲ့ရုပ်ပုံကို ပန်းချီဆရာကြီးသုခုမ ဦးအုံးခင်က အစိမ်း၊ အဝါဖျော့ဖျော့ အရောင်တွေသုံးပြီး အနုစိတ်စုတ်ချက်တွေနဲ့ ခြယ်မှုန်းထားတာမို့ ရုပ်လုံး ကြွနေပါတယ်။ ပုဏ္ဏကဘီလူးရဲ့ ချစ်သူအဖြစ် လူငယ်တွေ သိရှိအောင် ဖော်ထုတ်ပေးထားတဲ့ ပန်းချီမို့ အဖိုးတန်တဲ့ ပန်းချီကား တစ်ချပ်ပဲ ဖြစ်ပါတယ်။

ဒီပန်းချီပြပွဲမှာ ခင်းကျင်းပြသထားတဲ့ ပန်းချီကား အားလုံးဟာ မြန်မာ့ကျက်သရေကို ဖော်ကျူးထားနိုင်သလို မြန်မာ့သဘာဝအလှတွေကို ပန်းချီပညာ အဆင့်အတန်း မြင့်မြင့်နဲ့ ခြယ်မှုန်းထားတာမို့ သွားရောက်လေ့လာကြည့်ရှုသင့်တဲ့ ပန်းချီပြပွဲတစ်ခု ဖြစ်ပါကြောင်း ပန်းချီအနုပညာ သတင်းကောင်း ပါးလိုက်ပါတယ်။ ။

(မြန်မာ့အလင်း)

မှော်ဘီမြို့နယ် တစ်ရက် တန် ၅၀၀ ကျ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ ပန္နက်တင်မင်္ဂလာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာ၌ အသစ်တည်ဆောက်လျက်ရှိသည့် တစ်ရက်လျှင် တန်၅၀၀ကျ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ ကျင်းပသော Pile ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ဥယျာဉ်တိုင် Pile ပန္နက်ကို စက်ခလုတ်နှိပ်၍ ရိုက်နှိပ်ပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးအား တည်ဆောက်ရေး ရှင်းလင်းဆောင်တွင် စက်ရုံတည်ဆောက်ရေးစီမံကိန်း ဒါရိုက်တာ ဦးအောင်မြင့်က စက်ရုံတည်ဆောက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဝန်ကြီးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံကို ၂၀၀၉ ခုနှစ်အတွင်း တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မှော်ဘီမြို့နယ် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံတွင် ဥယျာဉ်တိုင် Pile ပန္နက်ကို စက်ခလုတ်နှိပ်၍ ရိုက်ပေးစဉ်။ (စွမ်းအင်)

မန္တလေး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဆက်သွယ်မှုကွန်ရက်တည်ဆောက်ရေး စက်ပစ္စည်းများတပ်ဆင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဖေဖော်ဝါရီ ၁၆ရက်က ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်ရှိ ရတနာပုံ တယ်လီပို့အဆောက်အအုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရတနာပုံမြို့သစ် စီမံကိန်း၌ ပြည်တွင်း၊ပြည်ပကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံမည့် အခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် မန္တလေးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံး၌ ဆက်သွယ်မှုကွန်ရက် တည်ဆောက်ရေးအတွက် စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအချိန်မီပြီးစီးရန် မှာကြားသည်။ **(အပေါ်ပုံ)**

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၇ရက်တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်းသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် အမက(၃၈)၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ဘက်စုံပထမဆုရရှိသူ မောင်မင်းသူရအောင်အား ကျောင်းအုပ်ဆရာကြီး ဦးသန်းဦးက ဆုချီးမြှင့်စဉ်။ (က-ပ)

သန်လျင်မြို့ မြို့မမြောက်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ရက်က ကျောင်းခန်းမ၌ကျင်းပရာ ဒုတိယတန်းမှ ထူးချွန်ဆုရကျောင်းသူ မသက်ဆုမိုးလွင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမေခင်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ခေတ်နှင့်အညီ လူငယ်များအကြိုက် နှစ်ပါးသွားအကကို စွဲမက်ဖွယ်ရာ ကပြဖျော်ဖြေနေသည့် ဖိုးချစ်ဇာတ်အလှသဘင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ - အောင်သန်း(မင်္ဂလာတောင်ညွန့်) စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

သန်လျင် ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနိယပွဲတော် ဖိုးချစ်ဇာတ်အလှသဘင်ပွဲတွင် ကြည့်ရှုအားပေးနေသော ပရိသတ်။

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဆံတော်ရှင်ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၄ရက်မှ ၂၂ရက်အထိ ကိုးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသည်။ တိုးမပေါက်အောင် ကြက်ပျံမကျစည်ကားသော ဆံတော်ရှင်ကျိုက်ခေါက်စေတီ ဗုဒ္ဓပူဇနိယပွဲတော်သို့ မြန်မာ့အလင်း **သတင်းအဖွဲ့ ဖေဖော်ဝါရီ ၁၈ရက်ညက ရောက်ရှိခဲ့သည်။**

ပွဲခင်းနှင့်ဈေးတန်းကြီးက ဘုရားပတ်ပတ်လည်ပြည့်နှက်နေသည်။ ဇာတ်ရုံကြီးလေးရုံမှာ ဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်၊ မင်းသားမိုးမင်းဇာတ်အဖွဲ့၊ ယဉ်ကျေးမှုတက္ကသိုလ်ကျောင်းဆင်း ကိုဇေ မြန်မာ့အနုပညာဇာတ်သဘင်နှင့် တင်ကိုဝင်း ဇာတ်သဘင်တို့ဖြစ်ကြသည်။ မြင့်မားလှသော အပျော်စီးချားရဟတ်ကြီးများကလည်း ဘုရားပွဲခင်း ပတ်ပတ်လည်ရှိနေသည်။ ဆပ်ကပ်ပဒေသာကပွဲရုံ၊ မိုးကြိုးငှက်ငယ်လေးများ တေးသရုပ်ဖော်ကပွဲ၊ မော်ဒယ်ဖက်ရှင်ပြပွဲ၊ မြန်မာ့ရိုးရာခြင်းခတ်ပြပွဲ၊ ရုပ်သေးဇာတ်သဘင်၊ မျက်လှည့်ပွဲတို့ကလည်း ကြည့်ချင်ပွဲများဖြစ်သည်။ တိုးမပေါက်အောင် စည်ကားလှသည်။

တစ်နှစ်မှာတစ်ကြိမ် နှစ်စဉ်ကျင်းပလေ့ရှိသော ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်၍ ဝန်းကျင်မြို့နယ်အသီးသီးမှ ခရီးလမ်းကြောင်းအမျိုးမျိုးဖြင့် လာရောက်ကာ ဘုရားဖူးရင်း ဈေးဝယ်ကြသဖြင့် ဈေးဆိုင်ခန်းပေါင်း ၂၀၀၀ကျော်ဖြင့် အလွန်စည်ကားသည်ကို မြင်တွေ့ရသည်။

ယခုကျိုက်ခေါက်စေတီဗုဒ္ဓပူဇနိယပွဲတွင် ခေတ်လူငယ်မောင်မယ်တို့အချစ်တော် မန္တလေးသားလေးဖိုးချစ်တို့ကတဲ့ဇာတ်အလှသဘင်ကို ဂေါပကအဖွဲ့၏ အစီအစဉ်ဖြင့် သွားရောက်လေ့လာ ကြည့်ရှုခဲ့ရခြင်းဖြစ်သည်။ ဇာတ်တို့ သဘောသဘာဝနဲ့အညီ အော်ပရာ၊ တစ်ခန်းရပ်ဟာသပြဇာတ်တို့၊ ပြဇာတ်၊ စတိတ်ရှိုး၊ နောက်ပိုင်းရာဇဝင်ဇာတ်လမ်းတို့ပါဝင်ကပြသော်လည်း ဇာတ်လမ်းဆုံးတိုင်မကြည့်နိုင်ခဲ့ပါ။ ရုံပြည့်ရုံလျှံများပြားလှသည့် ဇာတ်မင်းသားလေးဖိုးချစ်ကို အားပေးသော ပရိသတ်များကြောင့်ဖြစ်ပါသည်။

ဇာတ်ရုံအလယ်ဘက် လူသုံးယောက်ထိုင် ဖျာတစ်ချပ်လျှင် ကျပ်၁၀၀၀၀၊ ရုံဝင်ခ လူကြီးတစ်ဦးလျှင် ကျပ်၁၅၀၀၊ ကလေးတစ်ဦးလျှင် ကျပ် ၁၀၀၀ သတ်မှတ်ရောင်းချပေးလျက်ရှိသည်။ ခေတ်ရေစီးကြောင်းနှင့်အညီ ယနေ့လူငယ် မောင်မယ်တို့အကြိုက် စတိတ်ရှိုးနှင့် နှစ်ပါးသွားအကကို မျက်စိအာရုံ စွဲမက်ဖွယ်ရာ ကပြဖျော်ဖြေနေသည့် ဖိုးချစ်ဇာတ်အလှသဘင်ကို တစ်ချိန်က လျှမ်းလျှမ်းတောက် ပြဇာတ်တစ်ခေတ်ဆန်းခဲ့သော မြို့တော်သိန်းအောင်ဇာတ်အဖွဲ့နှင့် နှိုင်းယှဉ်တွေးတောကြည့်နေမိသည်။ ။

(မြန်မာ့အလင်း)

ရွှေလင်ပန်းစက်မှုဇုန်ရှိ S.G.Mini-Gasifier အလုပ်ရုံ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲခုနာရီက ရန်ကုန်တိုင်း ပြန်ပြည့်မြဲစွမ်းအင်သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းကော်မတီနှင့် Synergetic Groupတို့ ပူးပေါင်းတီထွင်ထုတ်လုပ်လျက်ရှိသည့် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်ဆိပ်ကမ်းသာလမ်းရှိ Synergetic Group ၏ S.G. Mini-Gasifier အလုပ်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ရန်ကုန်တိုင်း ပြန်ပြည့်မြဲစွမ်းအင်နည်းပညာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးသောင်းဝင်း (အငြိမ်းစား)နှင့် Synergetic Group မှ Technical Manager ဦးဖြိုးမင်းလှျံတို့က စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက် တီထွင်ထုတ်လုပ်လျက်ရှိသည့် အခြေအနေနှင့် အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

လှည့်လည်စစ်ဆေး

ထို့နောက် တိုင်းမှူးသည် S.G. Mini-Gasifier လည်ပတ်နေမှုနှင့် အလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အားသာချက်ပြည့်စုံ

အဆိုပါ S.G. Mini-Gasifier သည် တစ်နာရီလျှင် စပါးခွံလောင်စာ နှစ်တင်း အသုံးပြုရပြီး ဆီစားသက်သာမှု ၇၅ရာခိုင်နှုန်းနှင့် အင်ဂျင်စွမ်းအားမြင်းကောင်ရေ ၃၀ ဖြစ်သည်။ ရေဆိုး၊ အနံ့ဆိုးများထွက်ရှိမှု လုံးဝမရှိခြင်း၊ အင်ဂျင်သို့ ကတ္တရာမကျရောက်သဖြင့် အင်ဂျင်ထိခိုက်မှုလုံးဝမရှိခြင်း၊ သန့်ရှင်းရေး အထူးပြုလုပ်ရန် မလိုခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ ပေါ့ပါးလွယ်ကူစွာ သယ်ဆောင်နိုင်ခြင်းစသော အားသာချက်များ ပြည့်စုံသည့် ဓာတ်အားပေးစက်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန် ကုန် တိုင်း လသာမြို့နယ် စဥ့်အိုးတန်းလမ်း အမှတ် ၁၄၄ နေ ဦးတန်ရှော့ဟောက်နှင့် ဒေါ်လီကင်ဟိုတို့အားရည်စူး၍ ဦးအောင်လှ – ဒေါ်ထွေးကြည်၊ သမီး မသီသီအောင်၊ သား မောင်ဉာဏ်လင်းအောင် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းမင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင်ဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းက ပဲခူးတိုင်း သနပ်ပင်မြို့ မြို့နယ်အားကစားကွင်း၌ကျင်းပသော ဗဟိုအလုပ်အမှုဆောင်ဖလား ရပ်ကွက်နှင့်ကျေးရွာပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အပိုင်ကျေးရွာနှင့် ကုလားချောင်းကြီးကျေးရွာတို့၏ ဘောလုံးယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ပဲခူးတိုင်း ကဝမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသော ကဝမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာများ စုပေါင်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** အဆိုပြုလွှာ ၇၁၃၁စောင်ကို လက်ခံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ၁၆ရက်မှ၁၇ရက်အထိ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်ပေါင်း၁၀မြို့နယ်မှ အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆွတ်ခူး

ပြိုင်ပွဲတွင် မြောက်ဥက္ကလာပမြို့နယ်အသင်းက တတိယဆု၊ သာကေတမြို့နယ်အသင်းက ဒုတိယဆုနှင့် လှိုင်သာယာမြို့နယ်အသင်းက ပထမဆုတို့ကို အသီးသီး ဆွတ်ခူးရရှိပြီး တက်သစ်စ မြို့နယ်ဆုကို ခရမ်းမြို့နယ်အသင်းက လည်းကောင်း၊ တက်သစ်စဆုကို လှိုင်သာယာမြို့နယ် အသင်းမှ မောင်မြင့်မြတ်ကျော်နှင့် အကောင်းဆုံးကစားသမားဆုကို သာကေတ မြို့နယ်အသင်းမှ မောင်မြငြိမ်းတို့က လည်းကောင်း ဆွတ်ခူးရရှိကြသည်။

ချီးမြှင့်

တံခွန်စိုက်ဒိုင်း ဆွတ်ခူးရရှိသော လှိုင်သာယာမြို့နယ် အသင်းအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ရန်ကုန်တိုင်း ခြင်းလုံးဆပ်ကော်မတီ ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့က တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လမ်းမတော်မြို့နယ် အမှတ်(၆) ရပ်ကွက် ၁၄လမ်းတွင် သွေးလွန်တုပ်ကွေး ကာကွယ်ရေး ခြင်ဆေးမှုတ်ခြင်းနှင့် ဆေးစိမ်ခြင်ထောင် လက်တွေ့ ပြသပွဲ ကျင်းပရာ အနောက်ပိုင်းခရိုင် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးစဉ်။ (၁၀၄)

Dealer Sales Promotion ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဟန်မြန်မာ ကုမ္ပဏီလီမိတက်နှင့် Falcon Super Lubricants တို့ ပူးပေါင်း ကျင်းပသော Dealer Sales Promotion 2007-2008 ဆုပေးပွဲနှင့် Chinese New Year မိတ်ဆုံစားပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၀ရက် ညနေ၆နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ ဟန်မြန်မာ ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဦးသိန်းနိုင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ကံစမ်းမဲဖွင့်

ထို့နောက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များအား ငွေသားဆုများချီးမြှင့်ပြီး **(အပေါ်ယာပုံ)** အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များအား ဗလာမပါ ကံစမ်းမဲများ ဖွင့်ဖောက်ပေး၍ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဖြန့်ဖြူးရောင်းချ

ယူအေအီးနိုင်ငံမှ ထုတ်လုပ်သော အရည်အသွေးမြင့် Falcon အမှတ်တံဆိပ် အင်ဂျင်ဝိုင်များကို ဟန်မြန်မာ ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ဝယ်ယူသုံးစွဲ လိုသူများသည် အမှတ်၁၃ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ရန်ကုန်တိုင်း ဖုန်း–၂၂၆၂၅၈သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အလားအလာကောင်းမွန်သော နွားနောက်မွေးမြူရေး

မောင်အောင်(မွေးကု)

ချင်းပြည်နယ်တွင် မိရိုးဖလာအရ နွားနောက်ကို အမြတ်တနိုး မွေးမြူကြသည်။ ချင်းအမျိုးသားတို့၏ ချမ်းသာကြွယ်ဝမှုကို နွားနောက်ပိုင်ဆိုင်သည့် ကောင်ရေဖြင့် ပြသလေ့ရှိသည်။ ချင်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံအရ မင်္ဂလာဆောင်နှင့်ဘာသာရေးပွဲ၊ နာရေးပွဲတို့တွင် နွားနောက်သားဖြင့် ဧည့်ခံကျွေးမွေးတတ်သကဲ့သို့ ခိုက်ရန်ဖြစ်ပွားမှုနှင့် လျော်ကြေးပေးရာတွင်လည်း နွားနောက်ဖြင့် လျော်ကြေးပေးတတ်ကြသည်။

နွားနောက်သည် Gavarus မျိုးစိတ်တွင် ပါဝင်သည်။ ၎င်းမျိုးစိတ်တွင် တောရိုင်းနွားသုံးမျိုးပါဝင်သည်။ ပြောင် (Gavarus Gaurus=Gaur)၊ နွားနောက် (Gavarus Frontalis=Mythum) နှင့် စိုင် (Gavarus Sondicus= Banteng)တို့ဖြစ်သည်။ ဤမျိုးစိတ်တွင် ပါဝင်သည့် တောရိုင်းနွားများကို အရှေ့တောင်အာရှဒေသ၊ အိန္ဒိယနိုင်ငံ အရှေ့ပိုင်း၊ ဘူတန်နိုင်ငံနှင့် မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတို့တွင် အများအားဖြင့် တွေ့ရှိနိုင်သည်။

ဤတောရိုင်းနွားမျိုးများတွင် ဘို့မရှိ၊ ဦးချိုအရင်း၌ ပြားနေတတ်ပြီး နဖူးချိုင့်ဝင်နေသည်။ နှာဖျားတိုသည်။ လည်ဖတ်ချပ်၍နေပြီး ကျောကုန်းရိုးတစ်လျှောက်တွင် မို့မောက်၍ နေတတ်သည်။

ပြောင်၊ နွားနောက်နှင့်စိုင်တို့သည် မြက်နု၊ သစ်ရွက်စိမ်းအနု၊ နွယ်ပင်နှင့်ဝါးပင်များကို စားလေ့ရှိသည်။ မြေ၌ကပ်၍ ပေါက်သည့်အပင်များထက် အညွှန့်အဖျားများကိုသာ ရွေးချယ်စားလေ့ရှိသည်။ ကြမ်းတမ်းသည့် ရာသီဥတုဒဏ်ကို ခံနိုင်သည်။

နွားနောက်သည် အမြင့်ပေ ၃၀၀၀ မှ ၁၀၀၀၀ အတွင်း နေထိုင်တတ်သည်။ အရိပ်ကောင်းပြီး ရေခိုးရေငွေ့များသော စားကျက်ကွင်း ပတ်ဝန်းကျင်တွင် နေထိုင်တတ်ကြသည်။ မြေပြန့်လွင်ပြင်ထက် တောရိပ်တောင်ရိပ်ကိုမှီပြီး တောင်စောင်း တောင်ကမ်းပါးတို့တွင် အုပ်စုဖွဲ့၍ ကျက်စားလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း မြောက်ပိုင်းနှင့် ကချင်ပြည်နယ်မြောက်ခြမ်းတို့တွင် တွေ့ရှိရသည်။ ၂၀၀၃-၂၀၀၄ ခုနှစ် စာရင်းအရ ကချင်ပြည်နယ် နောင်မွန်း၊ မချမ်းဘောနှင့် ခေါင်လံဖူးဒေသတို့၌ နွားနောက် ၉၃၈ ကောင်၊ ချင်းပြည်နယ်၌ ၃၂၄၉၁ ကောင်နှင့် စစ်ကိုင်းတိုင်း လေရှီးမြို့နယ်တွင် ၇၅၉ ကောင်ရှိသည်။

နွားနောက်၏ ဦးခေါင်းကို အရှေ့ဘက်မှကြည့်ပါက ခွက်နေပြီး တြိဂံပုံစံရှိသည်။ ဦးချိုမှာ အရင်းဘက်ပြား၍ တုတ်ခိုင်ပြီး ဘေးသို့ကားထွက်ကာ အဖျားပိုင်းသို့ သေးသွယ်သွားသည်။ ဦးချိုမှာ များသောအားဖြင့် အရောင်ဖျော့သော်လည်း နက်မှောင်သည့်နွားနောက်များတွင် အရောင်ရင့်သည့် ဦးချိုများ တွေ့ရတတ်သည်။ အမြီးမှာတိုတုတ်သော်လည်း အမြီးဖျားရှိ အမွေးများမှာ ခြေကျင်းဝတ်အထိရှည်လျား၍ ထူထဲနေတတ်သည်။ မျက်လုံးများမှာ ကြည်လင်၍ မျက်သားပြည့်သည်။ အမွေးရောင်မှာ မီးခိုးရင့်ရောင်၊ အဖြူရောင်၊ အနက်ရောင်၊ အနက်နှင့် အဖြူကွက်ကျားတို့ ဖြစ်သည်။ နွားနောက်အများစုမှာ မီးခိုးရင့်ရောင်ရှိပြီး ခြေဖျားတွင် အဖြူရောင် တွေ့ရှိရတတ်သည်။ မြန်မာနွားနှင့် အိန္ဒိယနွားများမှာကဲ့သို့ ဘို့မပါဘဲ ဘို့နေရာတွင် အရိုးစု (Dorsal Spine)သွယ်တန်း၍ ထိုးထောင်နေသည်။

နွားနောက်သည် မြန်မာနွားထက်အထီးရောအမ ပါ ပို၍ကြီးသည်။ ခြေတံလက်တံ တိုတုတ်ခိုင်မာသည်။ ပျမ်းမျှကိုယ်အလေးချိန် ပေါင် ၈၀၀မှ ပေါင် ၁၃၀၀၊ ပိဿာ ၂၂၀မှ ပိဿာ ၃၆၀အထိရှိပြီး ပျမ်းမျှ အသားပိဿာ ၈၀ မှ ၁၀၀အထိ ထွက်ရှိသည်။ နွားထက်ကြီးထွားနှုန်းကောင်း၍ အရွယ်ရောက် စောသည်။ နွားနောက်ထီးများသည် အသက်တစ်နှစ်ခွဲနှင့် နှစ်နှစ်အကြားတွင် အရွယ်ရောက်ပြီး မျိုးအောင်သည်။ နွားနောက်မများသည်လည်း တစ်နှစ်ခွဲအရွယ်တွင် မိတ်လိုက်လေ့ရှိသည်။ နွားနောက်ထီးကြီးများသည် ခုနစ်နှစ်အရွယ်ထိသာ မိတ်လိုက်လေ့ရှိပြီး ခုနစ်နှစ်အထက်တွင် မိတ်လိုက်မှုစွမ်းရည်လျော့နည်းသွားပြီး သီးသန့်နေလေ့ရှိကြောင်း လေ့လာသိရှိရသည်။

နွားနောက်သည် သာမန်အားဖြင့် တစ်နှစ်လျှင် တစ်ကြိမ် သားမှန်မှန်ပေါက်လေ့ရှိသည်။ အမြွှာမွေးတတ်သည်။ မွေးခဲသည်။ နွားနောက်မသည် သာမန်အားဖြင့် ၁၀-၁၂သားအထိ မွေးနိုင်ပြီးနွားနောက်မ၏သက်တမ်းတွင် ၁၇ သားအထိ မွေးဖွားတတ်ကြောင်း လေ့လာသိရှိရသည်။ နွားနောက်မ၏ ကျန်းမာရေး အပေါ်မူတည်၍ ၁၅နှစ်အထိ သားတင်နိုင်သည်။

နွားနောက်ငယ်သည် မွေးစတွင် ချေ(ဂျီ)ကဲ့သို့အနီရောင် အမွေးရှိသည်။ နောက်ပိုင်းတွင် အနီရောင်အမွေးပျောက်ပြီး တဖြည်းဖြည်းအနက်ရောင်သို့ ပြောင်းလဲသွားသည်။ နွားနောက်သားပေါက်ငယ်များသည် အကြမ်းခံပြီးရောဂါဖြင့်သေဆုံးခြင်းနည်းသည်။ ခွေးအနှင့် တောကောင်တို့၏ အန္တရာယ်သာ စိုးရိမ်ရသည်။ နွားနောက်မကြီးမှ နွားနောက်ငယ်အတွက် နို့လုံလောက်စွာထွက်သည်။ တစ်နေ့လျှင် နှစ်ကြိမ်ခန့်နို့တိုက်လေ့ရှိပြီး နွားနောက်ငယ် လေးလခန့်အရွယ်တွင် သားခွဲလေ့ရှိသည်။ သာမန်အားဖြင့် နွားနောက်မမှ နို့ညှစ်သည့် အလေ့အထ မရှိပါ။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(တိ-ကျန်း-ဖွံ့)နှင့်အဖွဲ့ နွားနောက်များအား ကြည့်ရှုစစ်ဆေးနေစဉ်။

နွားနောက်သည် ပေ ၃၀၀၀အထက်ရှိသည့် ချင်းပြည်နယ်၏ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသည်။ သဘာဝပေါက်ပင်များကိုစား၍ ကြီးထွားလွယ်၊ အသားတိုးလွယ်ကြသည်။ အသက်တစ်နှစ် ပြည့်လျှင်ပင် ဈေးကွက်ဝင်၍ အသားအဖြစ်စားသုံးနိုင်သည့် အရွယ်ရောက်သည်။ နွားနောက် ငယ်ရွယ်စဉ် အသားတိုးနှုန်းမှာ အစာနု၊ အစာစိမ်းပြည့်ဝစွာကျွေးမွေးသော နိုင်ငံခြား အသားစားနွားမျိုး၏ အသားတိုးကြီးထွားနှုန်းစံချိန်မီ ပါသည်။ သို့သော်လည်း ချင်းတောင်တွင် အများအားဖြင့် သုံး-လေးနှစ်အရွယ်တွင် အသားအဖြစ်ထုတ်၍ ရောင်းချလေ့ရှိပြီး ပိဿာ ၈၀မှ ၁၂၀ ခန့် ထွက်ရှိပါသည်။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ချင်းပြည်နယ် နွားနောက်မွေးမြူရေး

ချင်းပြည်နယ်တွင် နွားနောက်ကို လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူလေ့ရှိကြသည်။ များသောအားဖြင့် ဇန်နဝါရီလမှစ၍ တောသို့လွှတ်လေ့ရှိပြီး မေလမှ ဒီဇင်ဘာလအထိ လှောင်ခြံအတွင်း ထားလေ့ရှိသည်။ လှောင်ခြံ အကျယ်အဝန်းမှာ မြေရှိမှု အနေအထားပေါ်မူတည်၍ နွားနောက်တစ်ကောင်လျှင် သုံးဧကမှ ငါးဧကအထိ ထားလေ့ရှိသည်။ လှောင်ခြံ ခြံစည်းရိုးကို ထင်းရှူးပင်များ အပင်လိုက်ခုတ်၍ ဂွတိုင်ပေါ်တွင် တန်းတင်ပြီး နွယ်ကြိုးဖြင့်ချည်၍ ပြုလုပ်လေ့ရှိသည်။ ခြံလှောင်ထားသော နွားနောက်များကို တစ်လလျှင်တစ်ကြိမ် တစ်ကောင်လျှင် လက်တစ်ဆုပ်ခန့် ဆားကျွေးလေ့ရှိသည်။ နွားနောက်များသည် ဆားကြိုက်နှစ်သက်ကြသည်။ လှောင်ခြံအတွင်း မွေးထားစဉ် ဆားလျက်လိုလျှင် ပိုင်ရှင်ထံသို့ လာရောက်တတ်ကြသည်။ နွားနောက်ခြံများကို လေး-ငါးနှစ်တစ်ကြိမ် နေရာပြောင်းလေ့ရှိသည်။

ချင်းတောင်တွင် မွေးဖက်စနစ်ဖြင့်လည်း နွားနောက်မွေးမြူတတ်ကြသည်။ ချင်းတောင်၏ နွားနောက်မွေးဖက်စနစ်မှာ မွေးဖက်ပေးထားသည့် နွားနောက်အုပ်စုရှိ နွားနောက်မမှ ကလေးမွေးလျှင် ပထမဆုံးမွေးဖွားသည့် နွားနောက်ငယ်အား ထိန်းသူမှယူ၍ ဒုတိယသားကို ပိုင်ရှင်က ယူရသည်။ တတိယသားကို ပိုင်ရှင်နှင့် ထိန်းသိမ်းစောင့်ရှောက်သူ တစ်ဝက်စီယူရသည်။ ချင်းတောင်၏ မျှတသည့် ရိုးရာမွေးဖက်ဓလေ့သည်လည်း မြတ်နိုးဖွယ်ပင်ဖြစ်သည်။ ချင်းတောင်တွင် နွားနောက်ကို အမြတ်တနိုးထား၍ ထိန်းသိမ်းမွေးမြူကြသည်။ အိမ်ခြေ ၅၀ ရှိသည့် ရွာတစ်ရွာတွင် အိမ်ထောင်စု ၃၀ ခန့်က နွားနောက်မွေးမြူထားကြောင်း သိရှိရသည်။

နွားနောက်သည် သာမန်အားဖြင့် ရောဂါဖြစ်ပွားမှုနည်းပါးသည်။ သို့သော်လည်း လျှာနာခွာနာရောဂါ၊ ဒေါင့်သန်းနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါ ဖြစ်ပွားတတ်သည်။ သို့ဖြစ်၍ ခြံလှောင်မွေးသည့် ကာလများတွင် ကာကွယ်ဆေး ထိုးနှံသင့်သည်။ ကာကွယ်ဆေး ထိုးထားခြင်းဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုကို တားဆီးနိုင်ပါသည်။

နွားနောက်မွေးမြူရေးသည် ကယ်ကထနည်းပါးပြီး အစာကုန်ကျစရိတ် အနည်းဆုံးနှင့် အချိန်တိုအတွင်း အဖိုးတန်နွားနောက်သားကို ထုတ်လုပ်ပေးနိုင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဆားကျွေးရုံဖြင့် နွားနောက်များ ရှင်သန်ဖြစ်ထွန်းနိုင်သော်လည်း ပြောင်းဆန်ကိုရေစိမ်၍ ဆားဖြူးကျွေးခြင်းဖြင့် အသားတိုးနှုန်း ပိုမိုကောင်းမွန်စေသည်။နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေးတွင် ချင်းပြည်နယ်ရှိ ညီနောင်သွေးချင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်စေရန်လမ်းညွှန်မှာကြားခဲ့ပါသည်။ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနသည် ချင်းပြည်နယ်သို့ ၂၀၀၃ ခုနှစ် စက်တင်ဘာလမှစ၍ ငွေကျပ်သိန်း ၁၁၀၀မွေးမြူရေး ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ပြီး နွားနောက် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလည်း နွားနောက်များ ကူးစက်ရောဂါ မဖြစ်ပွားရေးအတွက် ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ တိရစ္ဆာန်ကျန်းမာရေးအသိရှိစေရန် ဟောပြောခြင်း၊ ဆွေးနွေး ခြင်း၊ ပညာပေးခြင်းနှင့် တိရစ္ဆာန်များ နာမကျန်းဖြစ်ပါက ကွင်းဆင်း၍ ဆေးဝါးကုသခြင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကိုယ်တိုင် နွားနောက်မွေးမြူထားသည့် ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ပေးခြင်းနှင့် နွားနောက်ကောင်ရေ တိုးတက်ပွားများအောင် မွေးမြူသူများအား ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနေ့တွင် **“နွားနောက်မွေးမြူမှုထူးချွန်ဆု”**များ ပေးအပ်ချီးမြှင့်ခြင်းတို့ဖြင့် နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ၎င်းအပြင် **ချင်းပြည်နယ်၏ နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံတိုင်းရင်းသားများ၏ တင်ပြမှုတို့ကြောင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် နွားနောက်မွေးမြူရေး တိုးချဲ့ဆောင်ရွက်ရန်အတွက် မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ တစ်ဆင့် ငွေကျပ် သိန်း ၁၅၀၀ ချေးပေးခဲ့ပါသည်။ အလားတူပင် စစ်ကိုင်းတိုင်း ခန္တီးမြို့နယ်တွင်လည်း နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငွေကျပ် သိန်း၁၂၀ချေးပေးခဲ့ပါသည်။**

သို့ဖြစ်၍ ၂၀၀၃-၂၀၀၄ခုနှစ်က မြန်မာတစ်နိုင်ငံလုံးတွင် နွားနောက်ကောင်ရေ ၃၄၁၈၈ကောင်သာ ရှိခဲ့ရာမှ ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင် ချင်းပြည်နယ်၌ နွားနောက်ကောင်ရေ ၅၀၉၈၈ ကောင်၊ ကချင်ပြည်နယ်၌ ၁၀၂၄ကောင်နှင့် စစ်ကိုင်းတိုင်း၌ ၉၆၉ ကောင် စုစုပေါင်း ၅၂၉၈၁ ကောင်အထိ တိုးတက်မွေးမြူလာနိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ နွားနောက်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ ညီနောင်ရင်းဖွား ချင်းတိုင်းရင်းသားတို့၏ လူမှုစီးပွားရေးဘဝ တိုးတက်ရေးနှင့် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သားငါးကဏ္ဍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ကြိုးပမ်းဆောင်ရွက်နေမှုအား မှတ်တမ်းပြုတင်ပြအပ်ပါသည်။ ။

နွားနောက်မွေးမြူရေးသည် ကယ်ကထနည်းပါးပြီး အစာကုန်ကျစရိတ် အနည်းဆုံးနှင့် အချိန်တိုအတွင်း အဖိုးတန်နွားနောက်သားကို ထုတ်လုပ်ပေးနိုင်သည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်။

ဆားကျွေးရုံဖြင့် နွားနောက်များ ရှင်သန်ဖြစ်ထွန်းနိုင်သော်လည်း ပြောင်းဆန်ကို ရေစိမ်၍ ဆားဖြူးကျွေးခြင်းဖြင့် အသားတိုးနှုန်း ပိုမိုကောင်းမွန်။

Enchanting Travels & Tours Co., Ltd

"Your reliable travel partner"

Ph: 525 030, 524 953

(Pre-School Teachers' Training) ဖွင့်မည်

လူမှုဝန်ထမ်းဦးစီးဌာနမှ ဝါရင့်ကျွမ်းကျင်သော မူကြိုပညာရှင်များ ကိုယ်တိုင် သင်ကြားမည့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးသင်တန်း (Early Childhood Care & Development Training) မူကြိုဆရာ အတတ်သင် သင်တန်းများကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများသည် သင်တန်းလျှောက်လွှာများကို လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်း ရန်ကုန်မြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိလိုပါက စုံစမ်းရန်ဖုန်း–၆၆၁၃၁၀၊ ၆၅၀၄၉၃။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၃၁၂၂၁ Luojia 110/ M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးမျိုးဆွေ မှတ်ပုံတင်အမှတ် ၈/မကန(နိုင်)၁၈၂၉၄၅က (ကမ–၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး) သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)။**

သားအဖြစ်မှစွန့်လွှတ်ခြင်း

မောင်သန့်မျိုးထွေး ၁၂/ဥကမ(နိုင်)၀၁၆၆၆၅သည် မိဘ၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ ၎င်း၏ ဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယခုကြေညာသည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း။ **မိခင်–ဒေါ်မေညွန့် ၁၂/ဥကမ(နိုင်)၀၀၆၇၄၅။**

GUMKINO (Garage Sale)

လူသုံး၊အိမ်သုံးပစ္စည်းမျိုးစုံ၊ လျှပ်စစ်ပစ္စည်းနှင့် အခြားပစ္စည်းမျိုးစုံတို့ကို ဝယ်ယူရရှိနိုင်ပါသည်။

နေ့ရက် – ၂၁–၂–၂၀၀၈ ရက်မှ ၂၄–၂–၂၀၀၈ ရက်အထိ

နေရာ – ၄၅၁(ဘီ)၊ ပြည်လမ်း၊ ကမာရွတ် (တရုတ်ဘုံကျောင်းအနီး)၊ ရန်ကုန်၊

ဖုန်း–၅၃၄၆၈၈၊ ၀၉–၅၁–၃၅၈၇၀။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်အောင်မင်းဦး ၁/မကန(နိုင်)၁၀၄၃၁၈ သည်မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

မိခင်–ဒေါ်ခေါန်လွယ် ၁/မကန(နိုင်)၀၉၁၅၄၁ ရှမ်းစုမြောက်၊မြစ်ကြီးနားမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မကန/၂၀၃၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၉/မနတ(နိုင်)၀၇၁၂၃၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(မြစ်ကြီးနားမြို့)။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၁) အဋ္ဌမတန်း(က)မှ မောင်ဇော်မျိုးလီ၏ ဖခင်အမည်မှန်မှာ ဦးလဘန်လဖြစ်ပါသည်။

ဦးလဘန်လ။

အမည်ပြောင်း

အဖ ဦးမြသိန်း၏သမီး အထက–၂ (စစ်တွေ)အဋ္ဌမတန်း(B)မှ မဆွေဇင်မြတ်အား မဇာနည်လှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မဇာနည်လှိုင်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့ အလက(၁) အဋ္ဌမတန်း(က)မှ မောင်ဘွမ်ဒမ်အောင်၏ ဖခင်အမည်မှန်မှာ ဦးကဒေါ့ဇော်ဘောက် ၁/ဒဖယ(နိုင်)၀၀၁၇၃၉ဖြစ်ပါသည်။ **ဦးကဒေါ့ဇော်ဘောက်။**

အမည်ပြောင်း

အဖ ဦးသူရထွန်း၏သား Grade-4(F)TTC မှ မောင်ဇေနံ့ဘုန်းအား မောင်ဆက်ဝဠ္ဍာဖိုလ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဆက်ဝဠ္ဍာဖိုလ်။

အမည်ပြောင်း

အဖဦးဝင်းရှိန်၏သား အထက(၅) တာမွေ သတ္တမတန်း(က)မှ မောင်အောင်မင်းပြည်စုံအား မောင်မင်းဟိဏ်းကျော်ဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

မောင်မင်းဟိဏ်းကျော်။

အမည်ပြောင်း

အဖ ဦးကြည်ဝင်း၏ သမီးဖြစ်သူ ခင်ခင်ဝင်း မှတ်ပုံတင်အမှတ် ၁၂/ဥကတ(နိုင်) ၁၁၂၁၁၂အား ယနေ့မှစ၍ ခင်ခင်လင်းလက်ဟု ပြောင်းလဲခေါ်ပါရန်။ **ခင်ခင်လင်းလက်။**

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၁၀ H [၃]၊ မြေကွက်အမှတ် III ၈၊ နှစ်၆၀ဂရန်မြေအမျိုးအစား၊ မြေအကျယ်အလျား၂၅'X အနံ၅၈'၊ ဧရိယာ၀ဒသမ၀၃၃ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင်တည်ရှိသော အမှတ်၁၅၈၊ ၄၅လမ်း၊ ဗိုလ်တထောင်မြို့နယ်ဟုခေါ်တွင်သော နှစ်ထပ်နေအိမ်ဟောင်း၏ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်၏အမှုသည် ဖြစ်သူသည် မြေငှားဂရန်စာချုပ်တွင် အမည်ပေါက်နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံ ကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမပြုပါက မြေနှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးညိမ်းမြင့်
တရားရုံးချုပ်ရှေ့နေ(၂၄၃၀)
အမှတ်၅၆၁၊ ပထမထပ်
ကုန်သည်လမ်း၊ ရန်ကုန်မြို့။

Sealed Tenders

12/TJ/3/MR(MC) 2007-2008 Steel Materials for New Construction of Passenger Coaches/Welding Electrodes, Steel Plates, Angles, Round Bars, Channels, Pipes & Accessories, Axle Box, Pulley, Etc 1-Lot (34-Items)

15/TJ/4/MR(E) 2007-2008 Fish Bolt & Nut BS 75 R with Two Spring Washers (Brand New) 165000-Sets

ရန်ကင်းမြို့နယ် ကံဘဲ့ ဘူတာရုံလမ်း ပဥ္စနိကာယ သာသနာ့ ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော် ထွန်းကားရေးအသင်းကြီး၏ ထာဝရ ငွေရတုပဒေသာပင် အတွက် အမှတ် ၂၅ သရက်တောလမ်း လင်းလွန်း/မြောက်ရပ်ကွက် စမ်းချောင်းမြို့နယ်နေ ဦးဗိုလ်ထွန်း–ဒေါ်အုန်းမြင့်တို့အား အမှူးထား၍ ဇနီး ဒေါ်ခင်လှဲ့ဝင်း မိသားစုက ဦးမောင်မောင်ရွှေမိုး မွေးနေ့အလှူအဖြစ် ငွေကျပ်တစ်သိန်းငါးသောင်းကို ဘဏ္ဍာရေးမှူး ဦးရွှေဝင်းထံလှူဒါန်းစဉ်။(က–ပ)

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ အဖွဲ့ပိုင် မြသီတာဈေးတွင် မီးဘေးကာကွယ်ရေးအတွက် ဇန်နဝါရီ ၂၃ ရက်က ဈေးသူဈေးသားများ မီးငြိမ်းသတ် သရုပ်ပြမှုကို ဈေးသာယာရေးကော်မတီများနှင့် ဈေးသူဈေးသားများ လေ့လာကြည့်ရှုစဉ်။ (မြို့နယ်စည်ပင်)



ဆုချီးမြှင့်

ဖေဖော်ဝါရီ ၁၄ ရက်က ဒလမြို့နယ် အမှတ်(၁၅)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆–၂၀၀၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ ပထမဆုရ မောင်ကျော်ဇင်ဝင်းအား ကျောင်းအုပ်ဆရာကြီး ဦးတင်ရွှေက ဆုချီးမြှင့်စဉ်။ (က–ပ)

ကြေးပိဋကတ်တော် ပြုလုပ်ရန် အလှူငွေများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ကြေးပိဋကတ်တော် အဘိဓမ္မာပိဋကတ်ဝင်ယမကပါဠိတော်ကျမ်း(တတိယအုပ်) အတွက် ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ အရှင်မြတ်ထံသို့ သန်လျင်မြို့ မြို့သစ်အရှေ့ရပ်ကွက် ကျီးပင်လမ်းနေ ဦးလှရွှေ–ဒေါ်ကျင်ရွှေ၊ ဒေါ်အုန်းရင်၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနေ ဦးမောင်မောင်ဦး–ဒေါ်မြမြသိန်း၊ အရှေ့ရန်ကင်းနေ ဒေါက်တာမောင်မောင်စိန်–ဒေါ်တင်တင်နွဲ့၊ မရမ်းကုန်းမြို့နယ် ဇမိုင်ရွှေနှင်းဆီလမ်းနေ ဒေါ်နွယ်နီဝင်းအောင်၊ တောင်ဥက္ကလာပမြို့နယ် အမှတ်၄ရပ်ကွက် ကေတုမာလာ ၃လမ်းနေ ဦးလှငွေး–ဒေါ်ဝင်းကြည်၊ သား မောင်ပြည့်ဖြိုးသူ၊ သမီး မဝင်းအိသူ၊ ဒေါ်ဝင်းကြည်၊ ဒေါ်စန်းစန်းအေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ရိပ်သာလမ်းနေ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်ဧည့်ကြိုဝန်ထမ်းများ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၂ရပ်ကွက် ဇမ္ဗူသီရိ ၂လမ်းနေ မသူဇာတင်၊ စမ်းချောင်းမြို့နယ် ဗဟိုလမ်းနေ ဦးသိန်းညိုလွင်–ဒေါ်မူယာ၊ သားကြီး ကောင်းပြည့်စုံ၊ သားငယ် ဘုန်းလကျ်ာသိန်း၊ ဒေါ်ခင်ခင်ညွန့်၊ သား ကိုနိုင်အောင်၊ သမီး မနန္ဒာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တိုးကြောင်ကလေး ၂၆ရပ်ကွက် ခြောက်ခန်းတွဲ ဂြိုဟ်တုဆက်သွယ်ရေးဝင်းနေ ဦးမောင်လှ–ဒေါ်လှလှကြူ၊ သားမောင်အောင်မျိုးလှ၊ စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် သုခမိန်လမ်းနေ ဦးစိန်ဝင်း–ဒေါ်ကြည် ကြည်ဝင်း၊ ပန်းဘဲတန်းမြို့နယ် ၃၁လမ်းနေ ဦးမောင်မောင်သွင်၊ သား ကိုမြတ်ဇော်အောင်၊ မရမ်းကုန်းမြို့နယ် ၅ရပ်ကွက် ဘုရင့်နောင်လမ်းနေ ဦးကျော်မြင့်–ဒေါက်တာ ဒေါ်အေးသစ်၊ မကွေးမြို့နေ ဦးကြည်(စီးပွားရေးဘဏ်မန်နေဂျာ)၊ အရှေ့ရန်ကင်းတိုက် ၂၁နေ ဒေါ်ခင်အေးလှိုင်၊ ဒေါ်ခင်စောသန်း ရန်ကုန်မြို့ ဘဏ်လမ်းနေ ဦးကျော်စိန်–ဒေါ်ကြည်အေး၊ ဦးငွေအောင်–ဒေါ်လွင်လွင်အောင်၊ ကိုသန့်ဇင်အုန်း–ဒေါ်သန်းသန်းနု၊ မနွယ်နွယ်အေး၊ မသက်သက်ထွေး၊ မအေးအေးသိန်း၊ ကိုဝင်းမင်းထက်–မခင်မျိုးဆွေ၊ ကိုကျော်လွင်–မနှင်းယုခိုင်၊ မသီတာမျိုး၊ မနီနီခိုင်၊ ကိုကျော်မြင့်–မငွေး၊ ဦးကျောက်စိမ်း–ဒေါ်တင်နု၊ ကိုသိန်းတန်၊ မောင်ရဲဟန်အောင်၊ ကိုညွန့်ဝင်း၊ ဒေါ်စိန်စိန်အေး၊ ဒေါ်ခင်မာလာ၊ မလှကြည်၊ မနီနီတင့်၊ ဒေါ်ဂွမ်း၊ မမြသူအောင်တို့ စုပေါင်းအလှူ၊ သုဝဏ္ဏ ၂၉ရပ်ကွက် တောင်ထိပ်ပန်းလမ်းနေ ဦးဘဝင်း–ဒေါ်စောမြင့်၊ ဦးထွန်းမင်း–ဒေါ်သန်းစိန်၊ ဖျာပုံဒေါ်မြနွယ်၊ ဦးမောင်မောင်ညွန့်–ဒေါက်တာ ဒေါ်မြမြဝင်းတို့အား ရည်စူး၍ ဦးဇော်ဝင်းညိန်း–ဒေါ်သင်းလှဲ့ထွေး၊ သား မောင်မျိုးမင်းဇော်၊ မောင်မျိုးသစ်ဇော်၊ စမ်းချောင်းမြို့နယ် မြေနီကုန်း တောင်ရပ်ကွက် ဓမ္မစေတီလမ်းနေ မကညာမိမိသက်၊ မောင်စိုးနိုင်၊ တာမွေမြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်းနေ မောင်လင်းအောင်သူ–မကေခိုင်၊ သား ဥက္ကာသူ၊ မောင်လင်းအောင်သူ၊ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းနေ ဒေါက်တာ ဦးတင်ဦး–ဒေါက်တာ ဒေါ်ခင်ဘုန်းဦးတို့က ကြေးပြားတစ်ချပ်စီ စုစုပေါင်း ၂၂ချပ်အတွက် အလှူငွေကျပ် ၄၄၀၀၀၀ကို လှူဒါန်းကြသည်။**(က–ပ)**

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

တိုင်းမှူး ဗိုလ်ချုပ်ကိုကို သောက်ရေခပ်(၂)ရေအားလျှပ်စစ်စီမံကိန်းကြည့်ရှုစစ်ဆေး ဥဿာမြို့သစ် ဒီဂျစ်တယ်အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီက တောင်ငူမြို့ အရှေ့ဘက် ၁၂ မိုင်ခန့်အကွာ သောက်ရေခပ်ချောင်းပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်၍ စီမံကိန်းလုပ်ငန်းပြီးစီးမှု၊ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများနှင့် စက်ယန္တရားကြီးများဖြင့် ရေလွှဲဥမင် မျက်နှာစာဖွင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀ နာရီတွင် တိုင်းမှူးသည် ပဲခူးမြို့ ဥဿာမြို့သစ်၌ ကျင်းပသော (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဒီဂျစ်တယ် အော်တိုအိတ်ချိန်းသစ်ဖွင့်ပွဲသို့ တက်ရောက်၍ တိုင်းမှူးက ဒီဂျစ်တယ် အော်တိုအိတ်ချိန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

တက်ရောက်ချီးမြှင့်

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးမြို့ မော်ကန် ၁၁ လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို တက်ရောက် ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

- ❒ မဆုံစည်းခဲ့လေသော — ချစ်စိုးနိုင်၏ နိုင်ငံတကာမှုခင်း စာ-၅
- ❒ နှစ်ပေါင်း ၂၅၀၀ ခန့်က ရှေးဟောင်းမြို့ အိန္ဒိယအရှေ့ပိုင်း၌ ရှာဖွေတွေ့ရှိ — နိုင်ငံတကာသတင်း စာ-၆
- ❒ ဆိုမာလီယာနိုင်ငံ — တိုး၏ သတင်းအက်ဆေး စာ-၇

ချမ်းခိမ့်ခိမ့်

၂၀-၂-၂၀၀၈

ဟားခါး	၀ ဒီဂရီစင်တီဂရိတ်
လွိုင်လင်	၄ ဒီဂရီစင်တီဂရိတ်

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ဝေသာလီပုဏ္ဏားများ (ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား